# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၃)၊ ၁၃၈၇ ခုနှစ် ၊ နတ်တော်လပြည့်ကျော် ၈ ရက် ၊ ၁၂-၁၂-၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ သမိုင်းချောင်းရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်မြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ဈေးများစနစ်တကျဖြစ်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုနှင့် ဈေးများစနစ်တကျဖြစ်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**စာမျက်နှာ ၃ သို့**

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

၂၀၂၅ ခုနှစ် ၊ ဒီဇင်ဘာ ၁၂ ရက် ၊ သောကြာနေ့ ။

## လက်ဖက်ယဉ်ကျေးမှုအား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိ

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် တင်သွင်းနိုင်ရေးအတွက် ၂၀၀၃ ကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

လက်ဖက်ယဉ်ကျေးမှုအား UNESCO ၏ လူသားမျိုးနွယ်ဆိုင်ရာကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြင့်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် သမိုင်းသုတေသနနှင့် စာကြည့်တိုက်ဦးစီးဌာနတို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ သုတေသနပညာရှင်ဝန်ထမ်းများနှင့် ယူနက်စကိုသို့ တင်သွင်းနိုင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားသည့် အထောက်အကူပြုအဖွဲ့များ တက်ရောက်ကြပြီး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံလက်ဖက်အသင်း (ရန်ကုန်)၊ မြန်မာနိုင်ငံလက်ဖက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (မန္တလေး) နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနလက်အောက်ရှိ လက်ဖက်ယဉ်ကျေးမှုနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေသည့် ဌာနခွဲ၊ ဌာနစုများ၊ တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြင့်က လူသားမျိုးနွယ်ဆိုင်ရာ ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တင်သွင်းမည်ဆိုပါက တင်သွင်းမည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်သည် အမျိုးသားအဆင့် စာရင်းဝင်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို ပြောကြားခဲ့သည်။

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က မိမိတို့အနေဖြင့် မြန်မာနိုင်ငံလက်ဖက်အသင်း (ရန်ကုန်) နှင့်ပူးပေါင်း၍ ယူနက်စကိုသတ်မှတ်ပုံစံ ICH-02 Form အား ဖြည့်သွင်းလျက်ရှိကြောင်း၊ မြန်မာနိုင်ငံလက်ဖက်အသင်းအနေဖြင့် Consent Letter and Video၊ Statement Letter and Video များ ရယူနိုင်ရေးဆောင်ရွက်မည်ဖြစ်ကြောင်း၊ တင်သွင်းမည့်ခေါင်းစဉ် (Element) အနေဖြင့် လက်ဖက်စိုယဉ်ကျေးမှုဟု လျာထားသတ်မှတ်ထားကြောင်း၊ အဆိုပါခေါင်းစဉ်တင်သွင်းရန်အတွက် ဖော်ပြသင့်သည့် ခေါင်းစဉ်အမည်ကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

အမျိုးသားပြတိုက် (ရန်ကုန်) ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝ်ငင်းက ယူနက်စကိုသို့ တင်သွင်းရေးနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် လုပ်ငန်းဆောင်ရွက်ရမည့် အချိန်ကာလများကို ရှင်းလင်းပြောကြားသည်။ တက်ရောက်လာသူများက အထွေထွေဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ယူနက်စကိုသို့တင်သွင်းမည့် လက်ဖက်ယဉ်ကျေးမှုနှင့်ပတ်သက်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ခေါင်းစဉ်အမည် သတ်မှတ်နိုင်ရေး မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံလက်ဖက်အသင်း (ရန်ကုန်၊ မန္တလေး) နှင့် ဝန်ကြီးဌာနကျွမ်းကျင်ပညာရှင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## “ ဒို့အတူတူ မဲပေးကြမယ် ” ရွေးကောက်ပွဲလှုံ့ဆော်မှု ဆောင်ရွက်

**မြို့သစ် ဒီဇင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်ရေး၊ ရွေးကောက်ပွဲတွင်ပြည်သူများ ပိုမိုပါဝင်မဲပေးနိုင်ရေးအတွက် ‘‘ဒို့အတူတူ မဲပေးကြမယ် ’’ရွေးကောက်ပွဲလှုံ့ဆော်မှု (Billboard)စိုက်ထူခြင်း၊ ဗီနိုင်းများချိတ်ဆွဲခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယနေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းထက်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ‘‘ဒို့အတူတူ မဲပေးကြမယ်’’ ရွေးကောက်ပွဲလှုံ့ဆော်မှု(Billboard) အား မြို့နယ်စည်ပင်သာယာဈေးအနီး မီးသတ်ရုံးရှေ့တွင်လည်းကောင်း၊ ရွေးကောက်ပွဲလှုံ့ဆော်မှု အသိပညာပေးဗီနိုင်းများအား စာတိုက်လမ်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရှေ့တွင်လည်းကောင်း၊ ဗိုလ်မင်းရောင်လမ်းရှိ တြိဂံလမ်းဆုံတွင်လည်းကောင်း၊ တောင်တွင်း-မြို့သစ်-နတ်မောက်လမ်း (အထက-၁)နှင့်(ပြည်သူ့ဆေးရုံလမ်းထောင့်)တွင်လည်းကောင်း ဗီနိုင်းများချိတ်ဆွဲကာ ရွေးကောက်ပွဲလှုံ့ဆော်မှု အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

## စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခြင်းနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**ပျော်ဘွယ် ဒီဇင်ဘာ ၁၁**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ စာဖတ်ခြင်း၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခြင်းနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပပေးခြင်းကို ယနေ့ နံနက် ၉နာရီခွဲက အခြေခံပညာအထက်တန်းကျောင်းခွဲ(ရွှေပြည်ရန်နိုင်)တွင် ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဗဟုသုတရရှိစေမည့်စာပေများကို လေ့လာဖတ်ရှုရန် လိုအပ်ပါကြောင်း၊ မိမိတို့နှင့်လိုက်လျောညီထွေဖြစ်မည့် စာပေများကို ရွေးချယ်ဖတ်ရှုရန်လိုအပ်ပါကြောင်း၊ လူငယ်များအနေဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် တို့ကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ အသိဉာဏ်ရင့်သန်စေရန်၊ သဘာဝအလျောက်ဖြစ်ပေါ်နေသည့် အရောင်များအား သိရှိစေရန်အတွက် မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူများပါဝင်သည့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ကျင်းပပေးခဲ့ကြောင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များ၊ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး**

**(ပျော်ဘွယ်)**

၀-၀-၀-၀-၀

၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဇရာဝတီကမ်းနားလမ်းတွင် ရောင်းချပေးခဲ့သည်။




သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဒီဇင်ဘာ ၁၂ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၁၉ လမ်းထောင့်နှင့် နန်းရှေ့ဘောလုံးကွင်းထောင့်နှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြား တို့တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀-၀

**သတင်းများ**
**Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

○ ရွှေဖုံးမှ

**ရန်ကုန်မြို့အတွင်း စီးဆင်းလျက်ရှိသည့် သမိုင်းချောင်းအပါအဝင် ချောင်းများ၊ မြောင်းများ ရေစီးရေလာကောင်းမွန်ရေး**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ သမိုင်းချောင်း တံတားနေရာနှင့် ဘုရင့်နောင်လမ်းမကြီးရှိ သမိုင်းချောင်းတံတားနေရာတို့သို့ ရောက်ရှိစစ်ဆေးရာ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ချောင်းများ၊ ရေနုတ်မြောင်းများ စနစ်တကျဖြစ်ရန်လိုကြောင်း၊ အမှိုက်များအား သတ်မှတ်နေရာများ၌သာ စွန့်ပစ်စေရေးနှင့် မြောင်းများအတွင်းသို့ စွန့်ပစ်မှုမရှိစေရေး ပြည်သူလူထုအား စည်းရုံးဆောင်ရွက်သွားရန်လိုကြောင်း၊ ရေကောင်းမွန်စွာ စီးဆင်းမှုမရှိသည့် ချောင်းများ၊ မြောင်းများအတွင်းမှ အနံ့အသက်ဆိုးများသည် ပြည်သူလူထု၏ ကျန်းမာရေးကိုလည်း ထိခိုက်စေမည်ဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် ရေစီးရေလာကောင်းမွန်အောင် စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ သမိုင်းချောင်းအပါအဝင် ရန်ကုန်မြို့အတွင်း စီးဆင်းလျက်ရှိသည့် ချောင်းများ၊ မြောင်းများမှ စွန့်ထုတ်ရေများ ရေထွက်ပေါက်များမှတစ်ဆင့် သက်ဆိုင်ရာမြစ်များ၊ ချောင်းများအတွင်းသို့ စီးဆင်းရာတွင် ပိတ်ဆို့မှုမရှိစေရေး ခေတ်မီနည်းပညာများအသုံးပြု၍ ချောင်း၊ မြောင်းများတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ပိတ်ဆို့နေသည့် နေရာများအား ရှင်းလင်းသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယခင်က ရန်ကုန်မြို့အတွင်း၌ မိုးရာသီကာလများတွင် ရေကြီးရေလျှံမှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိသော်လည်း ယခုနောက်ပိုင်းနှစ်များတွင် ရန်ကုန်မြို့အတွင်း စီးဆင်းလျက်ရှိသည့် ချောင်းများ၊ မြောင်းများအား ရေစီးရေလာကောင်းမွန်စေရေး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စနစ်တကျဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိခြင်းကြောင့် ယခင်နှစ်များထက် ရေကြီးရေလျှံမှုများ များစွာလျော့နည်းလာသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ မရမ်းကုန်းမြို့နယ်ရှိ သမိုင်းချောင်းအား ပြုပြင်ထိန်းသိမ်းမှုများပြုလုပ်၍ ရေစီးရေလာများ ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဆိုပါက မိုးရာသီကာလများတွင် မရမ်းကုန်းမြို့နယ်အတွင်း ရေကြီးရေလျှံမှုများကို များစွာလျှော့ချနိုင်မည့်အပြင် ချောင်းတစ်လျှောက် အနံ့အသက်ဆိုးများ လျော့ပါးသွားမည်ဖြစ်သဖြင့် သမိုင်းချောင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ အလားတူ မြို့နေပြည်သူလူထုများအနေဖြင့်လည်း ချောင်းများ၊ မြောင်းများတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရန် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများမရှိစေရေး ကိုယ်စီအသိစိတ်ဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားမည်ဆိုပါက ယခုထက် ပိုမိုသာယာလှပသည့်မြို့ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ သီရိမင်္ဂလာဈေးရှိ ဈေးဆိုင်ခန်းများ၌ ဈေးရောင်းချလျက်ရှိသည့် ကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ နေ့စဉ်ဈေးရောင်းချရာတွင် ကြုံတွေ့ရမှုများနှင့် သိရှိလိုသည်များကို မေးမြန်းစဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များ လိုက်ပါ၍ လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးနှင့် ရွှေပိတောက်ငါးဈေးတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**သီရိမင်္ဂလာဈေး**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာဈေးသို့ ရောက်ရှိကြပြီး ဈေးအတွင်း ဈေးဆိုင်ခန်းများ၌ ဈေးရောင်းချလျက်ရှိသည့် ပြည်သူများ၊ ကုန်များ လာရောက်ပို့ဆောင်ကြသည့် ကုန်သည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ကုန်များရရှိမှု၊ ဈေးကွက်ရရှိမှု၊ နေ့စဉ်ဈေးရောင်းချရာတွင် ကြုံတွေ့ရမှုများနှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

**“ မြို့နေပြည်သူလူထုများအနေဖြင့်လည်း ချောင်းများ၊ မြောင်းများတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရန် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများမရှိစေရေး ကိုယ်စီအသိစိတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက ယခုထက် ပိုမိုသာယာလှပသည့်မြို့ကို ဖော်ဆောင်နိုင်မည် ”**

ယင်းနောက် သီရိမင်္ဂလာဈေးအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေဝင်ရေထွက်မြောင်းများ စနစ်တကျဖြစ်စေရေး အပိုင်းလိုက်သတ်မှတ်၍ ရေဆေးခြင်းများ၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပျက်စီးနေသည့် အမိုးများကိုလည်း ပြန်လည်ပြုပြင်သွားရန်နှင့် လေဝင်လေထွက်စနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လှိုင်မြစ်ကမ်းနံဘေး၌ ကုန်စိမ်းများ လာရောက်ပို့ဆောင်ခြင်းများ ဆောင်ရွက်ရာတွင် စွန့်ပစ်အမှိုက်များအား မြစ်အတွင်းသို့ စွန့်ပစ်ခြင်းများ မရှိစေရေးနှင့် စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ရွှေပိတောက်ငါးဈေး**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရွှေပိတောက်ငါးဈေးသို့ ရောက်ရှိကြပြီး ဈေးဆိုင်ခန်းများအလိုက် ဈေးရောင်းချနေသည့် ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ဈေးရောင်းချရမှုအခြေအနေများအား မေးမြန်းအားပေးစကားပြောကြားသည်။ ထို့နောက် လှိုင်မြစ်နံဘေးရှိ ရွှေပိတောက်ငါးဈေးဆိပ်ခံဖောတံတား၌ ခရီးသည်များနှင့် ငါးကုန်သည်များ၏ သင်္ဘောများ၊ လှေများ ဆိုက်ကပ်မှု၊ အသုံးပြုမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေပိတောက်ငါးဈေးရှိ ဈေးဆိုင်ခန်းများအလိုက် ဈေးရောင်းချရမှုအခြေအနေများကို မေးမြန်းစဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် တာဝန်ရှိသူများအား ရွှေပိတောက်ငါးဈေးအတွင်း ရေစီးရေလာ ကောင်းမွန်စေရေး၊ အမှိုက်စွန့်ပစ်မှုများ စနစ်တကျဖြစ်စေရေး၊ ပျက်စီးယိုယွင်းနေမှုများအား အမြန်ဆုံးပြန်လည်ပြင်ဆင် ပေးသွားနိုင်ရေးနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

စာမျက်နှာ ၄ သို့





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗဟိုကာကွယ်ဆေးသိုလှောင်အအေးခန်း(ရန်ကုန်)၌ ကာကွယ်ဆေးသိုလှောင်ဖြန့်ဖြူးနိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

**ဗဟိုကာကွယ်ဆေး သိုလှောင်အအေးခန်း(ရန်ကုန်)**

ထို့ပြင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များ လိုက်ပါပြီး မရမ်းကုန်းမြို့နယ် မင်းမဲ့လမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ဗဟိုကာကွယ်ဆေး သိုလှောင်အအေးခန်း(ရန်ကုန်) သို့ သွားရောက်၍ ကာကွယ်ဆေးသိုလှောင်ဖြန့်ဖြူးနိုင်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက ဗဟိုကာကွယ်ဆေးသိုလှောင်အအေးခန်း (ရန်ကုန်) ရှိ အပူချိန် အပေါင်း ၂ ဒီဂရီစင်တီဂရိတ်မှ အပေါင်း ၈ ဒီဂရီစင်တီဂရိတ်အတွင်း ထားရှိနိုင်သော အအေးခန်းများနှင့် အပူချိန် အနုတ် ၁၅ ဒီဂရီစင်တီဂရိတ်မှ အနုတ် ၂၅ ဒီဂရီစင်တီဂရိတ် ထားရှိနိုင်သော အအေးခန်းများအတွင်း ကာကွယ်ဆေးများအား အမျိုးအစားအလိုက် သိုလှောင်ထားရှိမှု၊ ဆေးထိုးအပ်များ သိုလှောင်ထားရှိမှု အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။

**လမ်းညွှန်မှာကြား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆေးဝါးများ သိုလှောင်ရာတွင် လျှပ်စစ်မီးလိုအပ်ချက် ပြတ်တောက်မှု မရှိစေရေးနှင့် ဆိုလာစနစ်ဖြင့်လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်သွားရန်၊ သိုလှောင်ခန်းများအတွင်း အခန်းတွင်းအပူချိန် ထိန်းညှိမှုစနစ်တကျဖြစ်စေရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❒ **စာမျက်နှာ ၂၄ မှ**

ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်အတူ ဂုဏ်ပြုပါဝင်တက်ရောက်သည်။

အခမ်းအနားတွင် တာ့ခ်မင်နစ္စတန်ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလံတင် အခမ်းအနားကို ဆောင်ရွက်ကြကာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြပြီး အခမ်းအနားအစီအစဉ်များအလိုက် ဆောင်ရွက်ကြသည်။

**တာ့ခ်မင်နစ္စတန်အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာ**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တာ့ခ်မင်နစ္စတန်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၌ကျင်းပသည့် တာ့ခ်မင်နစ္စတန်နိုင်ငံ၏ အမြဲတမ်းကြားနေ မူဝါဒ နှစ် (၃၀) ပြည့်အထိမ်းအမှတ်ပြပွဲသို့တက်ရောက်၍ တာ့ခ်မင်နစ္စတန်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြခန်းများ၊ ရိုးရာလက်မှုပညာပစ္စည်းများ၊ ဒစ်ဂျစ်တယ်စနစ်နှင့် AI နည်းပညာသုံး ပြခန်းများ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းပြခန်းများနှင့် အက်ရှ်ဂါဘတ်မြင်းမျိုးများ၊ ဒေသရှိ သိုး၊ ဆိတ်၊ နွားမျိုးစိတ်များထားရှိရာနေရာနှင့် တာ့ခ်မင်နစ္စတန် အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာ ကြည့်ရှုခဲ့ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် တာ့ခ်မင်နစ္စတန်နိုင်ငံသမ္မတ H.E. Mr. Serdar Berdimuhamedov နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကဏ္ဍပေါင်းစုံတို့၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များ၊ နိုင်ငံတကာ မျက်နှာစာတွင် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အရှိန်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ် ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ မြန်မာနိုင်ငံရှိ အထင်ကရနေရာများအား သွားရောက်လေ့လာ

နေပြည်တော် ဒီဇင်ဘာ ၁၁

တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် သူရဲကောင်းဗိမာန်(နေပြည်တော်) သို့ သွားရောက်၍ သူရဲကောင်းဗိမာန်အတွင်းရှိ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းများဖြင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် တာဝန်ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားခဲ့ကြသည့် ခေတ်အဆက်ဆက်မှ သူရဲကောင်းစစ်သည်များအား အလေးပြုကြပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



ယင်းနောက် တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်တာဝန်ခံက ပြတိုက်သမိုင်း၊ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးပြခန်းအတွင်း စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကို ပြခန်းတာဝန်ရှိသူများထံ မေးမြန်းကြသည်။ ထို့နောက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်ဈေးသို့ သွားရောက်ကြပြီး ဈေးအတွင်း ခင်းကျင်းပြသရောင်းချလျက်ရှိသည့် လက်ဝတ်ရတနာများ၊ ရိုးရာအဝတ်အထည်များ၊ ရွှေချည်ထိုး၊ ငွေချည်ထိုး၊ ပန်းချီ၊ ပန်းပု စသည့်လက်မှုအနုပညာပစ္စည်းများကို ကြည့်ရှုလေ့လာဝယ်ယူအားပေးခဲ့ကြသည်။ ဆက်လက်၍ ရန်ကုန်မြို့ရှိ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆက်ကပ်ပူဇော်ကာ သာသနိက အဆောက်အအုံများအား လေ့လာကြည့်ရှုကြသည်။

အဆိုပါ ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၉ ရက် ညနေပိုင်းတွင်လည်း ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ မော်ကွန်းတိုက်အတွင်း၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်ငယ် ပုံစံငယ်များ၊ မြန်မာ့ရိုးရာပန်းဆယ်မျိုး လက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ သဒ္ဒါမိပတိ ခေါင်းလောင်းတော်ထိုး၍ ကုသိုလ်ပြုကြသည်။ ထို့နောက် အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ကြပြီး ကျောက်စာရုံစေတီတော်များနှင့် သာသနိက အဆောက်အအုံများအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးနှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

- ❖ **သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်မှုသည် နိုင်ငံတော်အတွက် အဖိုးတန်သည့်စာရင်းအင်း၊ ကိန်းဂဏန်းအချက်အလက်များပင်ဖြစ်**
- ❖ **အနာဂတ်တွင် ခေတ်မီနိုင်ငံတော်ကို တည်ဆောက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများစွာကို မွေးထုတ်ပေးနိုင်ရန်လို**

နေပြည်တော် ဒီဇင်ဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြ**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ရေလှောင်တမံများ၏ ရေသိုလှောင်နိုင်မှု၊ ဆိုလာရေတင်စနစ်များ၊ လျှပ်စစ်ရေတင်စနစ်များဖြင့် ရေတင်သိုလှောင်ဆောင်ရွက်လျက်ရှိမှု၊ ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများထုတ်ပေးထားရှိမှု၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးလျက်ရှိမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး၊ မဲရုံများ စနစ်တကျဖြစ်စေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ အားလုံး၏ အခွင့်အရေးများ မဆုံးရှုံးရစေရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံရေးပါတီများအလိုက် တိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲအကြိုလှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး**

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ သက်ခိုင်ဝင်း၊ ဒေါက်တာ စိုးဝင်းတို့က ပြန်လည်ရှင်းလင်းပြောကြားရာတွင် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများသာမက အုပ်ချုပ်ရေး ဆိုင်ရာတာဝန်ရှိသူများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန် လိုအပ်မှု၊ ကိုယ်ဝန်ဆောင်မိခင်အပါအဝင် ကလေးငယ်များအား ကာကွယ်ဆေးထိုးလုပ်ငန်းများသည် အရေးကြီးလုပ်ငန်းများဖြစ်သည့်အတွက် နိုင်ငံတော်မှ အလေးထားဆောင်ရွက်ပေးလျက်ရှိမှု၊ သက်ကြီးကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများအတွက် ထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်ခြေ လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှုနှင့် သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံနိုင်သည့် တိုင်းပြည်ဖြစ်စေရေးဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

**မိမိတို့တိုင်းဒေသကြီး၏ အခြေခံအချက်အလက်များကို မှန်ကန်စွာသိရှိအောင်ဆောင်ရွက်ပြီး အကျိုးရှိရှိ အသုံးချသွားရန်လို**

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လာမည့် ၂၈ ရက်နေ့တွင် မိမိတို့နိုင်ငံ၌ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် မတ်လကုန်တွင် အစိုးရအဖွဲ့အပြောင်းအလဲများလည်း ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်မှုသည် နိုင်ငံတော်အတွက် အဖိုးတန်သည့်စာရင်းအင်း၊ ကိန်းဂဏန်းအချက်အလက်များပင် ဖြစ်ကြောင်း၊ ကောက်ခံရရှိသည့်အချက်အလက်များသည် နိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် လူဦးရေပြောင်းလဲလာမှုနှင့် မြို့ပြ၊ ကျေးလက်အလိုက် လူဦးရေအခြေအနေ၊ နိုင်ငံသူနိုင်ငံသားများ၏ ပညာရေးအဆင့်အတန်း၊ လုပ်သားအင်အားအခြေအနေနှင့် အလုပ်လုပ်ကိုင်မှု၊ ရွှေ့ပြောင်းသွားလာမှုနှင့် ၎င်းတို့၏ နေထိုင်မှုပုံစံ စသည်တို့နှင့် မိမိတို့မြန်မာနိုင်ငံ၏ အနာဂတ်ကို မီးမောင်းထိုးပြနေသည့် နေ့စဉ်လူနေမှုဘဝပုံစံများကို ထုတ်ဖော်ပြသခြင်းပင် ဖြစ်သဖြင့် မူဝါဒ၊ စီမံကိန်းများ ရေးဆွဲချမှတ်သူများ၊ အချက်အလက်အသုံးပြုသူများအားလုံးအနေဖြင့် အကျိုးရှိရှိ အသုံးချသွားကြရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များကို အလေးထား၍ မိမိတို့တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချသွားကြရန် လိုကြောင်း။

**ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုသည် အနာဂတ်တိုင်းပြည်အတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်**

ကောက်ယူရရှိသည့် ကိန်းဂဏန်းအချက်အလက်များအရ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အားနည်းမှုများရှိနေသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပြီး မိမိတို့အစိုးရအနေဖြင့် ပညာရေးကဏ္ဍမြှင့်တင်ခြင်း လုပ်ငန်းများကို အလေးထားအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးတွင် ကျောင်းနေရာခိုင်နှုန်းမြင့်မားရေးနှင့် တန်းစဉ်ကူးပြောင်းမှုမြင့်မားရေးကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် တန်းစဉ်ကူးပြောင်းမှုများ အားနည်းမှုများဖြစ်ပေါ်နေသည်ကို တွေ့ရှိရကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့်လည်း တန်းစဉ်ကူးပြောင်းမှုများ ယခုထက်ပိုမိုမြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ပညာရေးကဏ္ဍအားနည်းပါက ကျန်ရှိသည့်ကဏ္ဍများတွင်လည်း အားနည်းလာမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် ခေတ်မီနိုင်ငံတော်ကို တည်ဆောက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများစွာကို မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ ထို့ပြင် စည်းကမ်းစနစ်ကျနသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကိုလည်း ပုံဖော်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ **“အမျိုးသားစည်းကမ်း အစ စာသင်ကျောင်းက”** ဆိုသည့်အတိုင်း အနာဂတ်၏ ကလေးငယ်များသည် ပညာသင်ကြားချိန်တွင် ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှုများကို ခံယူခဲ့ကြရမည်ဖြစ်ကြောင်း၊ ကျောင်းလုံးဝ မနေခဲ့ရသူများထက် ကျောင်းတက်ရောက်ခဲ့သည့် ကလေးငယ်များသည် စည်းကမ်းပိုမိုကောင်းမွန်သည်ကို တွေ့မြင်ရမည်ဖြစ်ပြီး တက်ရောက်ခဲ့ရသည့် အတန်းအလိုက်

စာမျက်နှာ ၆ သို့

*စာမျက်နှာ ၅ မှ*

စိတ်ခွတ်နှင့် စည်းကမ်းများ လိုက်နာမှု ကွာဟသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိဘဝကို တိုးတက်စေနိုင်မည့်အပြုအမူ၊ အနေအထိုင်အလေ့အကျင့်ကောင်းများကိုလည်း ရရှိစေနိုင်မည်ဖြစ်ပြီး မိမိနှင့်မိမိပတ်ဝန်းကျင်အတွက် အကျိုးမဖြစ်စေသည့် ဆေးလိပ်၊ အရက်၊ ကွမ်းတို့ သုံးစွဲခြင်းများကို ရှောင်ကြဉ်ရန် အသိတရားများကိုလည်း ရရှိသွားစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူများအား စနစ်တကျသင်ကြားပေးမည်ဆိုပါက စိတ်ဓာတ် စည်းကမ်းကောင်းမွန်သည့် အဖိုးတန်မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အလေးထားအားပေး မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုများသည် အနာဂတ်တိုင်းပြည်အတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်ကြောင်း၊ မကြာမီရောက်ရှိတော့မည့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း အခြေခံပညာအဆင့် အတန်းတင်စာမေးပွဲများဖြေဆိုတော့မည်ဖြစ်ပြီး ရာနှုန်းပြည့် ဖြေဆိုနိုင်ရေးနှင့် နောင်နှစ် တန်းစဉ်ကူးပြောင်းမှု မြင့်မားရေးအတွက်လည်း လိုအပ်သည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားကြရန် လိုကြောင်း။

**စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်**
**ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်**

စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သည့် ပြည်သူများ၏ ဝမ်းစာဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုကြောင်း၊ မြို့ပေါ်နေပြည်သူများအတွက် လိုအပ်သည့် အသား၊ ငါးနှင့် ဥများကို လုံလောက်စွာထုတ်လုပ်ရောင်းချပေးနိုင်မှသာ ထိုက်သင့်သည့် စားသောက်ကုန်ဈေးနှုန်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ စားသုံးမှုနှင့် ထုတ်လုပ်မှုများ မျှတမည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိုက်သင့်သလောက် ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင်ရှိသည့် မြေလွတ်မြေရိုင်းများကို စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများအတွက် အသုံးချသွားရန်လိုကြောင်း၊ ဒေသတွင်း စားသောက်မှုဖူလုံရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လူတန်းစားမရွေး စားနိုင်၊ သောက်နိုင်ရေး စားရေရိက္ခာဖူလုံအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ယခင်အစိုးရများ အဆက်ဆက်တွင် ကုန်သွယ်မှုလိုငွေများရှိခဲ့ပြီး လိုအပ်သည့် နိုင်ငံခြားငွေများကို Non – Trade မှရရှိသည့်ငွေများ၊ ထောက်ပံ့ငွေများဖြင့် သုံးစွဲခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ကုန်ထုတ်လုပ်မှုများ အားနည်းခြင်းကြောင့် ကုန်သွယ်မှုလိုငွေများဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုများရှိမှသာလျှင် ပြည်ပပို့ကုန်များ ရရှိမည်ဖြစ်ပြီး ကုန်သွယ်မှုပိုငွေများ ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ တာဝန်ယူဆောင်ရွက်ချိန်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ဝင်ငွေများရရှိသင့်သလောက် မရရှိခဲ့ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဆိုင်ရာပညာရှင်များ များစွာရှိသဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး အဆိုပါ ပညာရှင်များကို အကျိုးရှိရှိ အသုံးချနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၌ ခေတ်အဆက်ဆက်တွင် လယ်ယာထွက်ကုန်ပစ္စည်းများထွက်ရှိမှုမှာ ကိန်းဂဏန်းအချက်အလက်များအရ ကွာခြားချက်များရှိနေကြောင်း၊ ကိန်းဂဏန်းအချက်အလက်များ၊ စာရင်းဇယားများ မှန်ကန်စွာသိရှိနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုလေ့လာဆန်းစစ်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် စာရင်းဇယားကောက်ယူသူများအနေဖြင့်လည်း မှန်ကန်သည့် စာရင်းဇယားများရရှိနိုင်ရေး ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အဓိကအားဖြင့် မိမိတို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အားလုံး အမှန်တကယ် အလုပ်လုပ်ကြရမည်ဖြစ်ပြီး အလုပ်လုပ်နိုင်ရေးအတွက်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက တောင်သူများ၏ လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာမည်ဖြစ်ကာ ဒေသတွင်း လည်ပတ်ရင်းနှီးငွေများ များပြားလာခြင်းမှတစ်ဆင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ CMP လုပ်ငန်းများ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသမှ ထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် MSME ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စက်မှုကဏ္ဍများတိုးတက်ခြင်းဖြင့် ဝန်ဆောင်မှုကဏ္ဍများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လယ်ယာကဏ္ဍကိုအခြေခံပြီး နိုင်ငံ့ GDP တိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း။

**ကျန်းမာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်**

ကျန်းမာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများ လိုအပ်နေဆဲဖြစ်ကြောင်း၊ မိမိတို့ အစိုးရစတင်တာဝန်ယူဆောင်ရွက်ခဲ့ချိန်တွင် ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပေါ်လျက်ရှိသည့်အချိန်ဖြစ်ပြီး လုပ်ငန်းခွင်စွန့်ခွာသွားကြသည့် ကျန်းမာရေးဝန်ထမ်းများကြောင့် အခက်အခဲများစွာဖြင့် ဖြတ်ကျော်ခဲ့ကြရကြောင်း၊ ယခုအခါ ဆေးတက္ကသိုလ်များမှ ကျောင်းဆင်းသည့်ဆရာဝန်များအား ပြည်သူ့ဆေးရုံများ၌ သက်တမ်းတစ်ခုအထိ တာဝန်ထမ်းဆောင်ရန် မူဝါဒချမှတ်ထားကြောင်း၊ မိမိတို့ အနေဖြင့် နိုင်ငံ၏ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ အကျိုးခံစားခွင့်များကိုလည်း ထိုက်သင့်သလောက် တိုးမြှင့်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် နိုင်ငံတော်မှ အခမဲ့ပညာသင်ကြားပေးထားခြင်းဖြစ်သဖြင့် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**
**အောင်မြင်စွာကျင်းပနိုင်ရေး**

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ယခု ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အပိုင်းသုံးပိုင်းခွဲ၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲရာနှုန်းပြည့် အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရန် အရေးကြီးသကဲ့သို့ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲကဲ့သို့ မဲမသမာမှုများမဖြစ်ပေါ်စေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းသည် မိမိတို့နိုင်ငံအတွက်ဆိုးရွားသည့် ဖြစ်ရပ်တစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲတွင် မဲစာရင်းများ မှားယွင်းမှုများကြောင့် တာဝန်ယူခဲ့သည့် အစိုးရဖြစ်သဖြင့် မိမိတို့ ကျင်းပသည့် ရွေးကောက်ပွဲသည် မဲစာရင်းမှားယွင်းမှု မရှိရန်လိုကြောင်း၊ ရာနှုန်းပြည့်မှန်ကန်နိုင်မည် မဟုတ်သော်လည်း အတတ်နိုင်ဆုံးမှန်ကန်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်မဆုံးရှုံးစေရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးခြင်း မပေးခြင်းသည် မဲဆန္ဒရှင်များ၏ဆန္ဒဖြစ်ပြီး မဲပေးနိုင်အောင်ဆောင်ရွက်ပေးရမည်မှာ အစိုးရ၏တာဝန်ပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးသည် နိုင်ငံ၏ဂုဏ်သိက္ခာဖြစ်၍ ရွေးကောက်ပွဲကျင်းပမည့် နေရာများအားလုံးတွင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် မဲမသမာမှုများပြုလုပ်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် မဲပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး အားလုံးကဝိုင်းဝန်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ရွေးကောက်ပွဲကျင်းပပြီးစီးချိန်တွင် လွှတ်တော်ကိုခေါ်ယူ၍အသစ်ဖွဲ့စည်းမည့်အစိုးရအား နိုင်ငံတော်၏တာဝန်များကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲသည် ဒီမိုကရေစီနိုင်ငံစနစ်အရ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ မဖြစ်မနေအောင်မြင်အောင် ဆောင်ရွက်သွားရမည့် လုပ်ငန်းရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့်လည်း ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၁၁၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၁၁

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။ ပြည်ပမှ စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံ များတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဒီဇင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၁၁၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန် ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၁



မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် (၃၈)ကြိမ်မြောက် သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြသည်။

ထိုသို့ လှူဒါန်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ငွေကျပ် ၁၄၅ သိန်းကျော်တန်ဖိုးရှိ အင်္ကျီပုဆိုး၊ လက်ဆွဲအိတ်၊ ခြုံပဝါနှင့် ပါတိတ်လုံချည်များ၊ ဒေါက်တာခင်ခင်ရီ (ရှိုင်းဟုပ်ကုမ္ပဏီ) က အလှူငွေကျပ်သိန်း ၁၀၀၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် အမျိုးသားစာပေဆုရှင် တာမိုးညဲ သီဟလွင်တို့က ငွေကျပ်သိန်း ၃၀ စီ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ်သိန်း ၂၀၊ နေပြည်တော်ကောင်စီက ငွေကျပ် ၁၇၆၀၀၀၀၊ ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး (စွယ်စုံမီဒီယာဂရု)က ငွေကျပ် ၁၁ သိန်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ Nation Light Company Limited နှင့် ဦးကိုကိုလတ်(ရွှေအိုလတ်)တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဆရာကြီး ဦးညွန့်ဆွေ (မောင်ဆွေသက်) – ဆရာမကြီး သရက် မသက်ဆွေ၊ ဗိုလ်မှူးချုပ် အေးမြင့်ကြူ(ငြိမ်း) (ချစ်ဆွေမြင့်)-ပါမောက္ခဒေါက်တာခင်ဆွေမြင့်(ဆွေယင်းမာ-ရန်ကုန်တက္ကသိုလ်)တို့က ငွေကျပ်ငါးသိန်းစီအသီးသီး ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ (၁)ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ – ကြို့ပင်ကောက်)နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ သတင်းစဉ်

## တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၁၆
ရက်
သာ လိုတော့သည်။

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ပြင်ဦးလွင်မြို့၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းမြေနေရာများ ကြည့်ရှုစစ်ဆေး

ပြင်ဦးလွင် ဒီဇင်ဘာ ၁၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဘူတာအနီး မီးရထားဟိုတယ်နှင့် အဆင့်မြင့်ဈေးဝယ်စင်တာ တည်ဆောက်မည့် မြေနေရာ၊ ဘောလုံးကွင်းတည်ဆောက်မည့်မြေနေရာ၊ ရတနာပုံမြို့သစ်စီမံကိန်းရှိ ရတနာပုံ Cyber City စီမံကိန်းအဆောက်အအုံများနှင့် အိမ်ရာစီမံကိန်းနေရာများ၊ ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး (၈) နှင့် ရပ်ကွက်ကြီး (၁၀)တို့ရှိ လမ်းများ တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေနှင့် ပန်းပွဲတော်ကျင်းပလျက်ရှိသည့် အမျိုးသားကန်တော်ကြီးဥယျာဉ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ၏ လမ်းညွှန်ချက်အရ စီမံဆောင်ရွက်လျက်ရှိသည့် ပြင်ဦးလွင်ဘူတာအနီး 3 Star အဆင့်ရှိ မီးရထားဟိုတယ်နှင့်အဆင့်မြင့်ဈေးဝယ်စင်တာ တည်ဆောက်မည့်နေရာသို့ ရောက်ရှိရာ တာဝန်ရှိသူများက တည်ဆောက်မည့် အဆောက်အအုံနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက တည်ဆောက်မည့် အဆောက်အအုံသည် အဆင့်မြင့် လေးထပ် အဆောက်အအုံဖြစ်သဖြင့် ငလျင်ဒဏ်ခံနိုင်အောင် Pile Foundation ဖြင့် တည်ဆောက်သွားရန်ဖြစ်ကြောင်း၊ အဆောက်အအုံကိုသဘာဝအလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်သော၊ လက်ရှိရှေးဟောင်းအဆောင်အအုံဖြစ်သည့်ပြင်ဦးလွင်ဘူတာ၏ Design ပုံစံနှင့် လိုက်လျောညီထွေရှိစေမည့် ဗိသုကာဒီဇိုင်းပုံစံဖြင့် Conceptual Plan ပုံစံအား ရေးဆွဲတင်ပြသွားရန်ဖြစ်ကြောင်း၊ Landscaping နှင့် Drainage System မှအစ စနစ်တကျတွက်ချက်ရေးဆွဲရန်ဖြစ်ကြောင်း၊ 3 Stars အဆင့်ရှိသည့် ဟိုတယ်ဖြစ်သဖြင့် ဟိုတယ်အခန်းများသည် အဆင့်နှင့် လျော်ညီသော အကျယ်အဝန်းနှင့် Facility ရှိသည့် Design ပုံစံရှိရန် လိုအပ်ကြောင်း၊ အဆင့်မြင့်ဈေးကိုပါ ထည့်သွင်းတည်ဆောက်ရမည့် Design ပုံစံဖြစ်သဖြင့် ဟိုတယ်တွင် လာရောက်တည်းခိုမည့် ဧည့်သည်များနှင့် ဈေးဝယ်လာရောက်ကြမည့် ဧည့်သည်များအတွက် စံနှုန်းနှင့် ကိုက်ညီသော Facility ရှိရန်လိုကြောင်း မှာကြားပြီး စီမံကိန်းမြေနေရာများအား လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ယာယီသမ္မတ၏ လမ်းညွှန်ချက်အရ တည်ဆောက်ရန်လျာထားသည့် ပြင်ဦးလွင်မီးရထားရိပ်သာနှင့် စက်ခေါင်းစက်ရုံအကြား ဘောလုံးကွင်းအသစ်တည်ဆောက်မည့်မြေနေရာသို့လည်းကောင်း၊ ရတနာပုံမြို့သစ်စီမံကိန်း၏ ရတနာပုံ Cyber City အဆောက်အအုံများ၊ အိမ်ရာအဆောက်အအုံများ၊ လမ်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး



လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယင်းနောက် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)သို့ ရောက်ရှိရာ တာဝန်ရှိသူများ၏ ရပ်ကွက်ကြီး (၈) နှင့် ရပ်ကွက်ကြီး(၁၀)တို့ရှိ အဓိကလမ်းမကြီးများအား လမ်းတိုးချဲ့ရန်၊ လမ်းပြုပြင်ရန်နှင့် နိုင်လွန်ကတ္တရာခင်းရန် လျာထားသည့်လုပ်ငန်းများအား ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး နဝရတ်လမ်း၊ သီဂီလမ်း၊ ရတနာလမ်းနှင့် ပြည်သာယာလမ်းများတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၆) ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် အဝင်လမ်းတစ်လျှောက် ခြံစည်းရိုးနှင့်ကားလမ်းမဘေး လူသွားစင်္ကြံလမ်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊ ခြံစည်းရိုးများအား ဆေးသုတ်ခြင်းနှင့် ချိန်းလင့်သံဆန်ခါထိပ်ပိုင်းများ၌ သံပြားများ ဖြည့်စွက်တပ်ဆင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ နိုင်ငံတော်ယာယီသမ္မတ လာရောက်စစ်ဆေးခဲ့စဉ် လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပန်းပွဲတော်သို့ လာရောက်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ စာမျက်နှာ ၂၄ မှ

၄။ မြန်မာနိုင်ငံအနေဖြင့် FATF မှထုတ်ပြန်ထားသည့် Methodology ပါ စံနှုန်းသတ်မှတ်ချက်များအား လိုက်နာ၍ AML/ CFT/ CPF ဆိုင်ရာလုပ်ငန်းများကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်လိုက်နာဆောင်ရွက်လျက်ရှိသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်ရှိသည့်အစီအမံ (Action Plan) များအား ကိုဗစ် ၁၉ ကူးစက်ရောဂါဖြစ်ပွားမှုနှင့် အခြားဆက်စပ်အခြေအနေများကြောင့် သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင်ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် အလေးထားစိစစ်မှုများ ပြုလုပ်ရန်နှင့် တိုးမြှင့်အရေးယူဆောင်ရွက်မှုမပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့်နိုင်ငံနှင့် ဒေသများ(enhanced due diligence (EDD) – and not countermeasures) စာရင်းသို့ ပြောင်းလဲထည့်သွင်းခြင်းခံခဲ့ရပါသည်။ မြန်မာနိုင်ငံသည် မြောက်ကိုရီးယားနှင့် အီရန်နိုင်ငံတို့ကဲ့သို့ Countermeasure (Black List) စာရင်းတွင် ပါဝင်ခြင်းမဟုတ်ဘဲ EDD ကို ပိုမိုဆောင်ရွက်ရန်သာ စာရင်းတွင် ထည့်သွင်းခံခဲ့ရပါသည်။

၅။ ထို့နောက် မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်ကျန်ရှိသည့်အစီအမံ(Action Plan) များအား သတ်မှတ်ကာလအတွင်း ပြီးစီးစေရန် အာရှပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group – APJG) သို့ (၄)လတစ်ကြိမ် တိုးတက်မှုအစီရင်ခံစာများ ရေးသားပေးပို့တင်ပြခြင်း၊ မျက်နှာချင်းဆိုင်အစည်းအဝေးများသို့ တက်ရောက်ရှင်းလင်းဆွေးနွေးခြင်းနှင့် FATF မျက်နှာစုံညီအစည်းအဝေးများ တက်ရောက်ခြင်းတို့အား စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပါသည်။

၆။ ယင်းကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် FATF ၏ အကြံပြုချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ချက်များနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ (ML/TF Risk) များကိုနားလည်ပြီး ဖော်ထုတ်နိုင်ခဲ့ခြင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအား ပြင်ဆင်ခြင်း၊ ယုံမှတ်အပ်နှံမှုဥပဒေအားပြင်ဆင်ခြင်း၊ သက်သေခံပစ္စည်းများစီမံရေး၊ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေအား အသစ်ပြင်ဆင်ပြဋ္ဌာန်းခြင်းတို့ အပါအဝင် သိသာထင်ရှားသောတိုးတက်မှုများ ဆောင်ရွက်ခဲ့ခြင်းကြောင့် FATF မှအသိအမှတ်ပြု၍ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ ကျင်းပခဲ့သည့် FATF မျက်နှာစုံညီအစည်းအဝေးအပြီး ထုတ်ပြန်ချက် (Statement) တွင် မြန်မာနိုင်ငံသည် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် အကြံပြုချက်ယခင် (၈) ချက်ရှိရာမှ (၄) ချက်သာ ကျန်ရှိခဲ့ပြီး အလေးထားစိစစ်မှုများတိုးမြှင့်ဆောင်ရွက်ရန် (Enhanced Due Diligence)စာရင်းတွင်သာ ဆက်လက်ထားရှိခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ရန် ကျန်ရှိနေသေးသည့် အချက် (၄)ချက်ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက Timeline များချမှတ်ပြီး အထူးအလေးထားဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်း၍ အားသွန်ခွန်စိုက် ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပါသည်။

၇။ Basel Institute on Governance က ထုတ်ပြန်သည့် Basel AMLIndex 2025 အရ နိုင်ငံနှင့် ဒေသပေါင်း ၁၇၇ နိုင်ငံအနက် လာအိုအား အမှတ်စဉ် ၇ တွင်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံအား အမှတ်စဉ် ၁၉ တွင်လည်းကောင်း၊ နီပေါနိုင်ငံအား အမှတ်စဉ် ၄၉ တွင်လည်းကောင်း ဖော်ပြထား သော်လည်း ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့် အီရန်နိုင်ငံတို့ ပါဝင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ ၎င်းအပြင် FATF ကဲ့သို့ခိုင်မာသည့် နိုင်ငံတကာလိုက်နာဆောင်ရွက်ရန်လိုအပ်သော စံနှုန်းသတ်မှတ်ချက်များနှင့် Methodology များချမှတ်ပြီး အကဲဖြတ်ဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

၈။ သို့ပါ၍ Basel Institute on Governance က Basel AML Index 2025 ထုတ်ပြန်ချက်သည် ကမ္ဘာပေါ်ရှိ နိုင်ငံနှင့် ဒေသများအားလုံးပေါ် လွှမ်းခြုံခြင်းမရှိသည့်အပြင် နိုင်ငံနှင့် ဒေသများအားလုံးပါဝင်ခြင်း မရှိသည်ကိုလည်း တွေ့ရှိရကြောင်းနှင့် FATF, APG တို့ကဲ့သို့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးကို ရှေ့တန်းမှ စံနှုန်းချမှတ်လေ့လာသုံးသပ်နေသည့် အဖွဲ့အစည်းများ၏ အကဲဖြတ်ချက်များကို အခြေမခံဘဲ နိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ထုတ်ပြန်ခြင်းသည် မြန်မာနိုင်ငံ၏ တိုးတက်ဆောင်ရွက်မှုများကို မျက်ကွယ်ပြု၍ FATF နှင့် မြန်မာနိုင်ငံအကြား အနီးကပ်ပူးပေါင်းဆောင်ရွက်နေမှုများကို သေချာစွာသုံးသပ်ခြင်းမရှိဘဲ ထိခိုက်အောင်ရေးသားထုတ်ပြန်နေမှုကို ကန့်ကွက်ပါကြောင်း အများပြည်သူသိရှိစေရန် အသိပေးထုတ်ပြန်အပ်ပါသည်။

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို
ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့
၁၁-၁၂-၂၀၂၅

# အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၅) ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၁

အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၅) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပရာ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တိုင်းစစ်ဌာနချုပ် တိုင်းမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို နယ်စပ်ဒေသများတွင် အမြစ်ပြတ်ရှင်းလင်းရန်၊ ထိုမှတစ်ဆင့် ပြည်တွင်းအထိ ပျံ့နှံ့ရောက်ရှိမလာစေရန်၊ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကို နိုင်ငံတော်အကြီးအကဲ၏ မူဝါဒနှင့်အညီ ထိထိရောက်ရောက် အမြစ်ပြတ်နှိမ်နင်းရန်အတွက် အဓိက Focal ဆောင်ရွက်မည့် ကြီးကြပ်ရေးအဖွဲ့ လိုအပ်သဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၂၅ ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း၊ ပြည်ထောင်စုနယ်မြေ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကော်မတီများကို ဆက်လက်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း National Anti-Scam Centre တည်ထောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဆိုက်ဘာလုံခြုံရေးဥပဒေကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ဇူလိုင် ၃၀ ရက်မှ စတင်၍ အာဏာတည်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီကို ဖွဲ့စည်းပြီးဖြစ်သည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် ပြည့်စုံသောအဖွဲ့အစည်းတစ်ရပ်အဖြစ် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန် အဆင်သင့်ရှိပြီဖြစ်ကြောင်း။

ဗဟိုကော်မတီ၏ အဓိကလုပ်ငန်းတာဝန်များအနေဖြင့် နိုင်ငံတော်အဆင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးမဟာဗျူဟာများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲချမှတ်ခြင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဗဟိုဘဏ်၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများအကြား လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေခြင်း၊ လိမ်လည်မှုတိုက်ဖျက်ရေးလုပ်ငန်းများအတွက် လိုအပ်သောလူအင်အား၊ နည်းပညာနှင့် ဘဏ္ဍာငွေများကို စနစ်တကျခွဲဝေချထားခြင်းနှင့် စီမံခန့်ခွဲခြင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းရှိ အွန်လိုင်းလိမ်လည်မှု ကွန်ရက်များ၏ သတင်းအချက်အလက်များကို စုဆောင်း၊ စိစစ်၊ လေ့လာဆန်းစစ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဖြန့်ဝေပေးခြင်း၊ လိမ်လည်မှုကျူးလွန်သူများ၊ Scam Centre များကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ တရားစွဲဆိုနိုင်ရေး ဦးဆောင်လုပ်ကိုင်ခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာမှ တာဝန်ရှိအဖွဲ့အစည်းများဖြစ်သည့် INTERPOL၊ ASEANAPOL စသည်တို့နှင့်ပူးပေါင်း၍ နယ်စပ်ဖြတ်ကျော်လိမ်လည်မှုများကို တိုက်ဖျက်ခြင်း၊ လိမ်လည်မှုမှရရှိသော ငွေကြေးများနှင့် ပိုင်ဆိုင်မှုများကို ခြေရာခံ၍ သိမ်းဆည်းထိန်းချုပ်နိုင်ရေး ဆောင်ရွက်ခြင်း၊ ပြည်သူလူထုအား အွန်လိုင်းလိမ်လည်မှု ပုံစံအမျိုးမျိုး၊ အန္တရာယ်များနှင့် ကာကွယ်နိုင်မည့် နည်းလမ်းများကို အချိန်နှင့်တစ်ပြေးညီ အသိပညာပေးခြင်း၊ လိမ်လည်ခံရသူများ၏ တိုင်ကြားချက်များကို လက်ခံ၍ သက်ဆိုင်ရာဌာနများမှတစ်ဆင့် အကူအညီများပေးနိုင်ရန် ညွှန်ကြားဆောင်ရွက်ခြင်း၊ မိုဘိုင်းအော်ပရေတာများ၊ အင်တာနက်ဝန်ဆောင်မှုပေးသူများနှင့်ပူးပေါင်း၍ လိမ်လည်ရန် အသုံးပြုသော တယ်လီဖုန်းနံပါတ်များ၊ ဝက်ဘ်ဆိုက်များနှင့် အကောင့်များကို ပိတ်ဆို့တားဆီးခြင်း၊ Scam Centre များတွင် အဓမ္မခိုင်းစေခံရသော၊ ပိတ်မိနေသော နိုင်ငံသားများနှင့် နိုင်ငံခြားသားများကို ကယ်ဆယ်ရန် အစီအစဉ်များချမှတ်၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကယ်ဆယ်ရရှိသူများအား သက်ဆိုင်ရာနိုင်ငံများသို့ လုံခြုံစွာ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ သံရုံးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လူကုန်ကူးမှု၊ အတင်းအဓမ္မခိုင်းစေမှုများ ကျူးလွန်သည့် လိမ်လည်မှုခေါင်းဆောင်များကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဦးဆောင်ခြင်း စသည့်လုပ်ငန်းစဉ်များကို လုပ်ဆောင်ပေးရမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအပါအဝင် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုလုပ်ငန်း လုပ်ကိုင်သည့် နေရာများအား ဖော်ထုတ်အရေးယူဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်အထိ နိုင်ငံခြားသား ၇၀၀၁၆ ဦးကို စိစစ်တွေ့ရှိခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည် လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း။

ကရင်ပြည်နယ်အတွင်း ကူညီကယ်တင်နိုင်ခဲ့သည့် နိုင်ငံခြားသားများ၏ ထွက်ဆိုချက်များအရ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ဝင်ရောက်၍ ဘန်ကောက်မြို့မှ မဲဆောက်မြို့သို့ မော်တော်ယာဉ်၊ လေယာဉ်တို့ဖြင့် သွားရောက်ခြင်း၊ မဲဆောက်မြို့မှ တစ်ဆင့် သောင်ရင်းမြစ်အား တရားမဝင်ဖြတ်ကူး၍ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ကုမ္ပဏီများသို့ သွားရောက်ခြင်း၊ တရားဝင်ဗီဇာဖြင့် မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး မော်တော်ယာဉ်ဖြင့် ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ကုမ္ပဏီများသို့သွားရောက်ခြင်းတို့ဖြစ်သည်ကို သိရှိရကြောင်း၊ ရာခိုင်နှုန်းအားဖြင့် မဲဆောက်ဘက်မှ ကူးလာသူ ၉၉ ဒသမ ၆ရာခိုင်နှုန်းဖြစ်ပြီး ပြည်တွင်းလမ်းကြောင်းမှ သွားရောက်သူ ၀ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ကြောင်း၊ သက်ဆိုင်ရာသံရုံးများအနေဖြင့် ၎င်းတို့နိုင်ငံသားများအား လူကုန်ကူးခံရသူများဖြစ်သည်ဟုဖော်ပြ၍ အကူအညီတောင်းခံကြသော်လည်း စိစစ်တွေ့ရှိချက်အရ အချို့သည် လူကုန်ကူးခံရသူများမဟုတ်ကြောင်း၊ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် လာရောက်အလုပ်လုပ်ကိုင်ကြသူများဖြစ်ကြောင်း။

ယင်းရာဇဝတ်မှုများသည် မြန်မာနိုင်ငံ၏ နယ်မြေအတွင်း တည်ရှိနေခြင်းထက် ကွင်းဆက်များစွာဖြင့်လည်ပတ်နေသော စီးပွားရေးလုပ်ငန်းအဖြစ် ရှုမြင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် Scam Centre တည်နေရာဖြစ်သော်လည်း ယင်းရာဇဝတ်မှု၏ အရင်းအမြစ်နှင့် အဓိကကျိုးအမြတ်ရရှိသူမဟုတ်ကြောင်း၊ ၎င်းလုပ်ငန်းအတွက် လူကုန်ကူးခံရသူအားလုံးသည် မြန်မာနိုင်ငံသားများ မဟုတ်သလို လိမ်လည်မှုမှရရှိသော ငွေကြေးအားလုံးသည်လည်း မြန်မာနိုင်ငံ၏ဘဏ်စနစ်အတွင်းရောက်ရှိလာခြင်းမရှိကြောင်း၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအရ နိုင်ငံတိုင်းသည် မိမိတို့နှင့်သက်ဆိုင်သော အစိတ်အပိုင်းအားလုံးကို တိုက်ဖျက်ရန် တာဝန်ရှိကြောင်း၊ အဆိုပါပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတကာ ရာဇဝတ်မှုတိုက်ဖျက်ရေး စံနှုန်းများနှင့်အညီ နိုင်ငံတိုင်းသည် မိမိတို့၏ တာဝန်ကျရာကဏ္ဍကို အပြည့်အဝထမ်းဆောင်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပဋိပက္ခဒေသများမှ လူကုန်ကူးခံရသူများကို ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး ၎င်းတို့အား လုံခြုံစိတ်ချစွာ ဇာတိနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးအတွက် သက်ဆိုင်ရာသံရုံးများ၊ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများ ပြန်လည်အခြေမချနိုင်ရန်အတွက် ယင်းနေရာများရှိ အဆောက်အအုံများအား ၁၀၀ ရာခိုင်နှုန်း ဖျက်ဆီးပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ အဆိုပါနေရာများ၌ တည်ဆောက်ထားသည့် အဆောက်အအုံများအတွက် လိုအပ်သော အိမ်ဆောက်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်မီး၊ စက်သုံးဆီ၊ အင်တာနက် စသည်တို့ကိုလည်း တစ်ဖက်နိုင်ငံမှ တစ်ဆင့် ရယူအသုံးပြုဆောင်ရွက်ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

Scam Centre များ လည်ပတ်ရန်အတွက် လိုအပ်သည့်ဝန်ထမ်းအင်အားကို တရားမဝင် နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် လူကုန်ကူးခြင်းဖြင့် ရရှိနေခြင်းဖြစ်ကြောင်း၊ တရားမဝင်နယ်စပ်ကုန်သွယ်ရေးသည် Scam Centre များအတွက် ငွေကြေးခဝါချရန် လမ်းကြောင်းများ ဖန်တီးပေးနေခြင်းဖြစ်ကြောင်း၊ လူကုန်ကူးခံရသူများအား သယ်ယူပို့ဆောင်ရန်လမ်းကြောင်းများကို ပံ့ပိုးပေးနေခြင်းဖြစ်ကြောင်း၊ ယင်းသို့ဆက်စပ်မှုများကို ဖြတ်တောက်ရန်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတို့ကို ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် လောင်းကစားမှု တိုက်ဖျက်ရေးသည် အမျိုးသားရေးကိစ္စဖြစ်ပြီး မြန်မာနိုင်ငံနယ်စပ်တွင် ပေါ်ပေါက်လာသော အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းသည် နိုင်ငံတကာရာဇဝတ်မှုများ ကျူးလွန်နေခြင်းဖြစ်သလို ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများ၏ အရင်းအမြစ်တစ်ခုဖြစ်သဖြင့် ပြတ်ပြတ်သားသား ချေမှုန်းဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံ၏ နယ်စပ်ဒေသအချို့ရှိ တရားဥပဒေစိုးမိုးနိုင်မှု ကင်းလွတ်နေသောနေရာများတွင် နိုင်ငံတကာရာဇဝတ်ဂိုဏ်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ပုံရိပ်ကို ထိခိုက်စေနိုင်သဖြင့် ပြတ်ပြတ်သားသားနှိမ်နင်းလျက်ရှိကြောင်း၊ ၎င်းလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသည့် နိုင်ငံ ၅၄ နိုင်ငံမှ နိုင်ငံခြားသား ၇၀၀၀၀ ကျော်ကို ရှာဖွေကယ်တင်ခြင်း၊ ဖမ်းဆီးခြင်း၊ သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးခြင်းမှာ ကမ္ဘာ့အများဆုံး တရားခံလွှဲပြောင်းပေးမှုဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုနှင့် ဆက်စပ်ဖြစ်ပွားသော မှုခင်းများသည် နိုင်ငံတကာရာဇဝတ်မှုခင်းများဖြစ်၍ နိုင်ငံတကာနှင့်အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု၊ ယင်းတို့နှင့်ဆက်စပ်ဖြစ်ပွားသည့် ရာဇဝတ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဒုတိယဥက္ကဋ္ဌ (၁) နှင့် ဗဟိုကော်မတီဝင်များက တင်ပြဆွေးနွေးကြပြီး ဗဟိုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၌ အလုပ်သင်ဆရာ၊ ဆရာမများ၏ ဘွဲ့ယူသုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၁**

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၏ အလုပ်သင် ဆရာ၊ ဆရာမများ၏ ဘွဲ့ယူသုတေသနစာတမ်းဖတ်ပွဲကို မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်ကွက်၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံဝင်းရှိ ဇေကရာဇ်ခန်းမတွင် ဒီဇင်ဘာ ၈ ရက်မှ ၉ ရက်အထိ ၂ ရက် ကျင်းပခဲ့သည်။

အဆိုပါ သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲဆုပေးပွဲတွင် တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသိန်းဇော်လင်းနှင့် ဒုတိယပါမောက္ခချုပ်များ၊ အမှတ်ပေးဒိုင်ပါမောက္ခ၊ ဌာနမှူးများ၊ ကထိကဌာနမှူးများ၊ မော်ကွန်းထိန်း၊ SUPERVISORS များ၊ ဆေးရုံအုပ်ကြီးများ၊ ဒုတိယဆေးရုံအုပ်များ၊ အကြီးတန်းတိုင်းရင်းဆေးမှူးများနှင့် စာတမ်းရှင်အလုပ်သင်ဆရာ၊ ဆရာမများ တက်ရောက်ကြပြီး ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် သင်ကြားရေး သင်ကြားရေးမှူး တိုင်းရင်းဆေးရုံကြီးများမှ အလုပ်သင်ဆရာ၊ ဆရာမ ၅၃ ဦး၏ ဘွဲ့ယူသုတေသနစာတမ်း ၁၂ စောင်ကို ဖတ်ကြားခဲ့ကြသည်။

ထို့နောက် ဆုပေးပွဲတွင် ဆုရစာတမ်းရှင်များကို ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ခံဌာနမှူးများက ဆုများ အသီးသီးချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(ဝ၇ဝ)

ဝ-ဝ-ဝ-ဝ



## ကျောင်းအခြေပြု မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်

**သရက် ဒီဇင်ဘာ ၁၁**

သရက်မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းက သရက်မြို့ အနောက်ရပ်တောင်ပိုင်းရပ်ကွက်ရှိ အ·ထ·က (၃)ကျောင်းတွင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများဆောင်ရွက်ခဲ့ကြသည်။

သရက်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ပြည်သူများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သတိပေးနှိုးဆော်ခြင်းများ၊ ရပ်ကွက်များအလိုက် တစ်အိမ်တက်တစ်အိမ်ဆင်း စစ်ဆေးခြင်းများ၊ စာသင်ကျောင်းများနှင့် ဘာသာရေးအဆောက်အအုံများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ဇော်ထက်(သရက်)**



## ကျား၊ မအခြေပြုအကြမ်းဖက်မှု အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် ဒီဇင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအထိမ်းအမှတ် ကျား၊ မအခြေပြု အကြမ်းဖက်မှု အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၁နာရီက ဟံမြင့်မိုရ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်အမျိုးသမီးကော်မတီအတွင်းရေးမှူး ဒေါ်သန်းသန်းစိုးက ကျား၊ မအခြေပြုအကြမ်းဖက်မှုအကြောင်းများနှင့် အမျိုးသမီးများအကြမ်းဖက်ခံရပါက တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ဆောင်မှု ပေးလျက်ရှိသည့် လုပ်ငန်းများအကြောင်းများကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်အမျိုးသမီးကော်မတီအဖွဲ့ဝင် ဒေါ်တင်တင်ထွေးက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်သည့် အကြောင်းများကို အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ အမျိုးသမီးကော်မတီအဖွဲ့ဝင် ဒေါ်နွယ်နီတင်က အမျိုးသမီးများအပေါ်အကြမ်းဖက်ခံရမှုများနှင့်ပတ်သက်၍ဆောင်ရွက်ခဲ့သည့် အကြောင်းများကို အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား ကျား၊ မ အခြေပြုအကြမ်းဖက်မှု အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**တင်တင်ထွေး**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့သို့သယ်ဆောင်မည့် စိတ်ကြွဆေးပြား ၈၅ သိန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၉ ရက် နံနက် ၈ နာရီက ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာအနီးတွင် ဝေလင်းထွန်း မောင်းနှင်ပြီး အောင်သူဖြိုးနှင့် ပြည့်ဖြိုးဟိန်း(ခ)ဖက်တီးတို့ လိုက်ပါလာသော ALPHARD မော်တော်ယာဉ်အား သတင်းအရ ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၂၃ ဒသမ ၉ သိန်းအား ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၉ နာရီခွဲက ပြင်ဦးလွင်မြို့နယ်၊ ခြေမြစ်ပင်ကျေးရွာအနီးချုံအတွင်းမှ ဆာလာအိတ်များဖြင့် ထည့်ထားသည့် စိတ်ကြွဆေးပြား ၆၂ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း စိတ်ကြွဆေးပြား ၈၅ ဒသမ ၉ သိန်းအား ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ စိတ်ကြွဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ကျော်မိုးထွန်းအား ဒီဇင်ဘာ ၁ ရက် ည ၁၀ နာရီတွင် ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ ရတနာပုံရပ်ကွက်ရှိ နေအိမ်တွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်းနှင့်အတူ ပူးပေါင်းပါဝင်သူများဖြစ်သည့် ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့နေ ကျော်ကျော်(ဖမ်းဆီးရန်ကျန်)၊ ဟိန်းစည်သူ(ဖမ်းဆီးရန်ကျန်)နှင့် ရွှေတောင်မြို့နေ ကျော်မောင်မောင်လှိုင်(ခ)ကိုချို(ဖမ်းဆီးရန်ကျန်)တို့ဖြစ်ပြီး ရှမ်းပြည်နယ်မှ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စက်သုံးဆီများ တရားမဝင်သိုလှောင်ထားသူ အမျိုးသားတစ်ဦးကို ဖမ်းဆီးအရေးယူ

**ပဲခူး ဒီဇင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၌ စက်သုံးဆီများ တရားမဝင် သိုလှောင်ထားသူ အမျိုးသားတစ်ဦးကို ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၇ ရက် ညနေ ၆ နာရီ မိနစ် ၂၀ တွင် ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ လက်ပံတန်း-သာရဝေါ သွား မဟာဗျူဟာကားလမ်းဘေးရှိ "စိန်သဇင်"စက်သုံးဆီအရောင်းဆိုင်၌ စက်သုံးဆီများ တရားမဝင်သိုလှောင်ထားကြောင်း သတင်းအရ လက်ပံတန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဆီလှောင်ကန်တာဝန်ခံဖြစ်သူ လက်ပံတန်းမြို့နယ်၊ နဘဲကွင်းကျေးရွာနေ အောင်စိုးဦး (၃၉)နှစ်ဆိုသူအား တွေ့ရှိရပြီး DONE FENG အဖြူရောင် ဆီဘောက်ဆာမော်တော်ယာဉ်ပေါ်တွင် ပရီမီယံဒီဇယ် ဂါလန် ၁၅၀၀ ခန့်နှင့် "စိန်သဇင်" စက်သုံးဆီသိုလှောင်ကန်တွင် ပရီမီယံဒီဇယ် ဂါလန် ၄၅၀၀ ခန့်၊ စုစုပေါင်း ပရီမီယံဒီဇယ် ဂါလန် ၆၀၀၀ ခန့်အား တွေ့ရှိသိမ်းဆည်းရမိသဖြင့် အောင်စိုးဦးအား လက်ပံတန်းမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀-၀

## ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**ဟိုပုံး ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၌ ဘိန်းစိုက်ခင်း ၇၇ ဧကခန့်ကို ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၈ ရက် နံနက် ၈ နာရီ ၁၀ မိနစ်မှ မွန်းလွဲ ၃ နာရီ ၅ မိနစ်အထိ ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်၊ ပန်ကလား(ခ) ပန်ကုလားကျေးရွာ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ၌ စိုက်ပျိုးထားသော သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၀ ဧကခန့်ကိုလည်းကောင်း၊ အလားတူ နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီ ၁၀ မိနစ်အထိ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ်၊ ပင်တလဲကျေးရွာမြောက်ဘက် သုံးမိုင်ခန့်အကွာ၌ စိုက်ပျိုးထားသော သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၅၂ ဧကခန့်ကိုလည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီ မိနစ် ၄၀ မှ ညနေ ၄ နာရီ မိနစ် ၅၀ အထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ်၊ လုံးတားကျေးရွာ အနောက်ဘက် တစ်မိုင်ခန့်အကွာ၌ စိုက်ပျိုးထားသော သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၅ ဧကခန့်ကိုလည်းကောင်း အသီးသီး ဖျက်ဆီးခဲ့ကြောင်း သိရသည်။



**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## တာချီလိတ်နှင့် မိုင်းတုံမြို့နယ်တို့တွင် ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံမှ မူးယစ်ဆေးဝါးအမှုဖြင့် အလိုရှိတရားခံပြေး သုံးဦးနှင့် တရားမဝင် ဝင်ရောက်နေထိုင်သူ တစ်ဦးတို့ကို ထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁၁

မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံ၊ တာချီလိတ်နှင့် မိုင်းတုံမြို့နယ်တို့တွင် ဖမ်းဆီးရမိခဲ့သည့် ထိုင်းနိုင်ငံမှမူးယစ်အမှုဖြင့် အလိုရှိတရားခံပြေး သုံးဦးနှင့် တရားမဝင် ဝင်ရောက်နေထိုင်သည့် ထိုင်းနိုင်ငံသား တစ်ဦးတို့ကို ထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)သည် မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့(CCDAC)ထံသို့ ထိုင်းနိုင်ငံအတွင်း မူးယစ်ပြစ်မှုများကျူးလွန်ပြီး မြန်မာနိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်နေသည့် Mr. Phonchana Phongthong(ခ)Toon (ဖွန်းချနာဖုန်းထောင်း(ခ)သွန်း)၊ Mrs. Thanida Puangngern(ခ)Ning (ထနိဒါးဖုံးငင်း(ခ)နိန်း)နှင့် Mr. Wi Rat Taou Dom(ဝီလတ်ထောင်းဝုဒွမ်)တို့ သုံးဦးကို ကူညီစုံစမ်းဖော်ထုတ်ဖမ်းဆီးပေးပါရန် သတင်းဖလှယ်ပေးပို့ချက်အရ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်



တာချီလိတ်နှင့် မိုင်းတုံမြို့နယ်တို့တွင် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးအမှုဖြင့် အလိုရှိတရားခံပြေး သုံးဦးနှင့် တရားမဝင် ဝင်ရောက်နေထိုင်သူ တစ်ဦးတို့အား ထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးအပ်စဉ်။

အဆိုပါ အလိုရှိတရားခံပြေး သုံးဦးကို စုံစမ်းဖော်ထုတ်ဖမ်းဆီးခဲ့ရာ နိုဝင်ဘာ ၁၃ ရက်တွင် Mr. Phonchana Phongthong(ခ) Toon (ဖွန်းချနာဖုန်းထောင်း(ခ)သွန်း)၊ Mrs. Thanida Puangngern(ခ)Ning (ထနိဒါးဖုံးငင်း (ခ)နိန်း)တို့ကို တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်၌လည်းကောင်း၊ နိုဝင်ဘာ ၁၄ ရက်တွင် Mr. Wi Rat Taou Dom (ဝီလတ်ထောင်းဝုဒွမ်)ကို မိုင်းတုံမြို့နယ် နားကောင်းမူကျေးရွာ၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ အဆိုပါ အလိုရှိတရားခံပြေး သုံးဦးနှင့်အတူ စက်တင်ဘာ ၁၆ ရက်တွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့သည့် တရားမဝင် ဝင်ရောက်နေထိုင်ခဲ့သူ ထိုင်းနိုင်ငံသား Mr. Chairit Phucharoen (ချရစ်ဖူချရွန်)တို့ကို နှစ်နိုင်ငံတည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုယ်စား မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့၊ အမှတ်(၇)မူးယစ်တပ်ဖွဲ့ခွဲ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ကျော်စိန်ဝင်း ဦးဆောင်သည့်အဖွဲ့က ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB) အတွင်းရေးမှူးချုပ် Police Major Suriya Singhakamol ဦးဆောင်သည့်အဖွဲ့ထံသို့ ဒီဇင်ဘာ ၁၁ ရက်မြန်မာစံတော်ချိန် နံနက် ၁၁ နာရီအချိန်တွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား(၂)၌ လွှဲပြောင်းပေးအပ်ခဲ့ပြီး နှစ်နိုင်ငံမူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစီအစဉ်အရ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ကာ နယ်စပ်ဖြတ်ကျော်မူးယစ်မှုခင်းများ ထပ်မံကျူးလွန်နေသည့် တရားခံပြေးများကို အပြန်အလှန် ဖော်ထုတ်ဖမ်းဆီးလွှဲပြောင်းပေးခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "KaungMyat" Facebook အကောင့်၊ "EiEiKhaing" Facebook အကောင့်နှင့် "မြင့်မြတ်" Facebook အကောင့်များ၏ ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ နန်းတော်ရာရပ်ကွက်နေ မြင့်မြတ်ကို(ခ)မြင့်မြတ်အား ည ၈ နာရီခွဲတွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**ပန်းမန်သစ်ပင် လေသန့်စင်၍**
**ဥယျာဉ်တောတန်း**
**စိတ်ရွှင်လန်း၏ ။**

## KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ အလုံး ၂၀ ထပ်မံဖြိုချဖျက်ဆီး၊ မြဝတီမြို့ အမှတ်(၃)ရပ်ကွက်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ ထပ်မံဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၁

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် သုံးထပ် လူနေအဆောက်အအုံ။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်အဆောက်အအုံ နှစ်လုံး၊ နှစ်ထပ်အဆောက်အအုံ ၁၅ လုံးနှင့် တစ်ထပ်ဂိုဒေါင် အဆောက်အအုံသုံးလုံး စုစုပေါင်း တရားမဝင် အဆောက်အအုံ အလုံး ၂၀ ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၃၈၁ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် မြဝတီမြို့ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများကို လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ - ရွှေကုက္ကိုလ်နယ်မြေမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသား ၇၁ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၄၂ ဦး၊ အီဂျစ်နိုင်ငံသား တစ်ဦးနှင့် ရဝမ်ဒါနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၁၅ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်း ပေးအပ်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် တရားမဝင်ပြည်ပနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်း လိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း အဆောက်အအုံ ၄၈ လုံး ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး အဆိုပါအဆောက်အအုံများအနက်မှ မြဝတီမြို့ အမှတ်(၃) ရပ်ကွက် ရွှေတောင်(၂) လမ်းရှိ အဆောက်အအုံတစ်လုံးအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ပြုလုပ်ရာတွင် အသုံးပြုသည့် လောင်းကစားခုံလေးလုံးနှင့်အတူ တရားမဝင် အီသီယိုးပီးယားနိုင်ငံသား အမျိုးသားလေးဦးတို့အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

၎င်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတကာ အားကစား သတင်းများ

## အလာဘာသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာမည်

**မက်ဒရစ် ဒီဇင်ဘာ ၁၁**

ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား အလာဘာသည် အသင်းနှင့် စာချုပ်သက်တမ်း ထပ်မံမတိုးတော့ဘဲ ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဆော်ဒီကလပ်အသင်းများအပြင် မေဂျာလိဂ်ကလပ်အသင်းများစွာကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား အလာဘာသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံပွဲ ၁၂၀ ကစားပြီး ငါးဂိုး သွင်းယူထားသလို ချန်ပီယံလိဂ်ဖလား နှစ်ကြိမ်၊ လာလီဂါနှစ်ကြိမ်နှင့် အခြားပြည်တွင်းဆုဖလားများစွာလည်း ရယူနိုင်ခဲ့သည်။

ထို့ကြောင့် နောက်ခံကစားသမား အလာဘာအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လည်း ဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**





## ချန်ပီယံလိဂ်တွင် ငါးပွဲဆက် ဂိုးသွင်းယူနိုင်သည့် ပထမဆုံး အာဆင်နယ်ကစားသမားအဖြစ် မာတင်နယ်လီမှတ်တမ်းဝင်

**လန်ဒန် ဒီဇင်ဘာ ၁၁**

တိုက်စစ်မှူး မာတင်နယ်လီသည် ချန်ပီယံလိဂ်တွင် ငါးပွဲဆက်ဂိုးသွင်းယူနိုင်သည့် ပထမဆုံး အာဆင်နယ်အသင်းကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းက ဘရူဂျက်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး မာတင်နယ်လီသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၄၂ ပွဲကစားပြီး ၅၇ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၄)နှစ်အရွယ်ရှိ မာတင်နယ်လီက "ကျွန်တော် အခုလို စံချိန်မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေအပြင် အသင်းအောင်မြင်မှုများ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ပုံ)**

**(NGB)**

## နျူအာကို စာချုပ်သက်တမ်းတိုးရန် ဘိုင်ယန်မြူးနစ်အသင်း စီစဉ်

**မြူးနစ် ဒီဇင်ဘာ ၁၁**

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းဂိုးသမား နျူအာကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၃၉)နှစ်အရွယ်ရှိ ဂိုးသမားသည် အသက်အရွယ်ရရှိနေပြီဖြစ်သော်လည်း လက်စွမ်းကျဆင်းခြင်း မရှိသေးသည့်အပြင်၊ ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၁၁-၂၀၁၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၈၀ ပွဲကစားကာ လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်း ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းထုတ်ပြန်ချက်တွင် "ဂိုးသမား နျူအာကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်ထားသည်။

**(အောက်ဝဲပုံ)**

**(NGB)**




## ဟာကင်းန်ကယ်လ်ဟာနိုဂလူသည် ပေါင်ဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိ

**မီလန် ဒီဇင်ဘာ ၁၁**

အင်တာမီလန်အသင်း ကွင်းလယ်ကစားသမား ဟာကင်းန်ကယ်လ်ဟာနိုဂလူသည် ပေါင်ဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အင်တာမီလန်အသင်းက လီဗာပူးအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။



ကွင်းလယ်ကစားသမား ဟာကင်းန်ကယ်လ်ဟာနိုဂလူသည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အင်တာမီလန်အသင်းအတွက် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။ **(ဝဲပုံ)**

အသက်(၃၁)နှစ်အရွယ်ရှိ ဟာကင်းန်ကယ်လ်ဟာနိုဂလူသည် အင်တာမီလန်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၂၀၀ ကစားကာ ၄၅ ဂိုးသွင်းယူပြီး ခြေစွမ်းပြထားသည်။ **(NGB)**

## ဂျက်ဂရီလစ်ရှ်ကို အပြီးသတ်ခေါ်ယူရန် အဲဗာတန်အသင်း စီစဉ်

**လန်ဒန် ဒီဇင်ဘာ ၁၁**

အဲဗာတန်အသင်းသည် မန်စီးတီးအသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် ကွင်းလယ်ကစားသမား ဂျက်ဂရီလစ်ရှ်ကို အပြီးသတ်ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းမှ အဲဗာတန်အသင်းသို့ အငှားဖြင့် လာရောက်ကစားပြီး ပြိုင်ပွဲစုံ ၁၅ ပွဲ ကစားကာ နှစ်ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက အပြီးသတ်ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျက်ဂရီလစ်ရှ်ကိုယ်တိုင်ကလည်း အဲဗာတန်အသင်းတွင် ကစားရမည်ကို ပျော်ရွှင်လျက်ရှိသည်။

ထို့ကြောင့် အဲဗာတန်အသင်းအနေဖြင့် ဂျက်ဂရီလစ်ရှ်ကို အပြီးသတ်ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**



## ဒေးဗစ်အဖန်ဂရူဘာကို ခေါ်ယူရန် မန်ယူအသင်းစိတ်ဝင်စား



**လန်ဒန် ဒီဇင်ဘာ ၁၁**

ပရီးမီးယားလိဂ်ကလပ် မန်ယူအသင်းသည် အယ်လ်ချီအသင်းနောက်ခံကစားသမား ဒေးဗစ်အဖန်ဂရူဘာကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံ ကစားသမားသည် အယ်လ်ချီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံပွဲ ၄၀ ကစားပြီး အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

နောက်ခံကစားသမား ဒေးဗစ်အဖန်ဂရူဘာကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် အယ်လ်ချီအသင်းထံမှ ဒေးဗစ်အဖန်ဂရူဘာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ)**

**(NGB)**

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | | ယမန်နှစ်ရလဒ် | | |
|---|---|---|---|---|---|
| ၁၃-၁၂-၂၀၂၅ | (၁၆)ဝက်စ်ဘရွန်း- | ရှက်ဖီးလ်(utd)(၁၇) | ဝက်စ်ဘရွန်း | ၂-၂ | ရှက်ဖီးလ်(utd) |
| နံနက်၀၂:၃၀နာရီ | (L,D,W,L,L) | (W,W,W,W,D) | ရှက်ဖီးလ်(utd) | ၁-၁ | ဝက်စ်ဘရွန်း |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၃-၁၂-၂၀၂၅ | (၁၇)လက်ချီ | - ပီဇာ(၁၈) | ——— |
| နံနက်၀၂:၁၅နာရီ | (W,D,L,W,L) | (D,W,D,L,L) | |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၆)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | | ယမန်နှစ်ရလဒ် | | |
|---|---|---|---|---|---|
| ၁၃-၁၂-၂၀၂၅ | (၁၄)ဆိုစီဒက် | - ဂျီရိုနာ(၁၈) | ဆိုစီဒက် | ၃-၂ | ဂျီရိုနာ |
| နံနက်၀၂:၃၀နာရီ | (D,W,L,W,L) | (W,D,D,L,L) | ဂျီရိုနာ | ၀-၁ | ဆိုစီဒက် |

### အရှေ့တောင်အာရှ ဆီးဂိမ်း ယူ-၂၂ အမျိုးသားဘောလုံးပြိုင်ပွဲ နိုင်ကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် | | |
|---|---|---|---|---|
| ၁၂-၁၂-၂၀၂၅<br>ညနေ ၅:၃၀ နာရီ | C | အင်ဒိုနီးရှား | - | မြန်မာ |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | | ယမန်နှစ်ရလဒ် | | |
|---|---|---|---|---|---|
| ၁၃-၁၂-၂၀၂၅ | (၁၁)အန်းဂါးစ် - | နန့်တက်စ်(၁၇) | အန်းဂါးစ် | ၁-၁ | နန့်တက်စ် |
| နံနက်၀၂:၁၅နာရီ | (L,W,W,L,W) | (L,D,D,L,L) | နန့်တက်စ် | ၀-၁ | အန်းဂါးစ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | | ယမန်နှစ်ရလဒ် | | |
|---|---|---|---|---|---|
| ၁၃-၁၂-၂၀၂၅ | (၁၂)ယူနီယံဘာလင် - | လိုက်ပဇစ်(၂) | ယူနီယံဘာလင် | ၀-၀ | လိုက်ပဇစ် |
| နံနက်၀၂:၀၀နာရီ | (D,W,L,L,L) | (L,W,D,W,W) | လိုက်ပဇစ် | ၀-၀ | ယူနီယံဘာလင် |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများ၏ အထူးနေ့လယ်စာစားပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး ဒီဇင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် တက်ရောက်နေသော အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၄) နှင့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၂)တို့တွင် တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများ၏ အထူးနေ့လယ်စာစားပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ဇီးပင်ကြီးကျေးရွာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရှိ ယောမင်းကြီးစားရိပ်သာတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ အထူးနေ့လယ်စာစားပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တက်ရောက်နေသည့် အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ် (၁၄)မှ သင်တန်းသား၊ သင်တန်းသူ ၁၀၁ ဦးနှင့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ်(၈၂)မှ သင်တန်းသား၊ သင်တန်းသူ ၄၃၀ဦးတို့နှင့် အတူတကွ နေ့လယ်စာကို သုံးဆောင်ကြပြီးနောက် သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ





# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား (၂၀)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ပေးအပ်

**မန္တလေး ဒီဇင်ဘာ ၁၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၂၀)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ ခြောက်ထပ်ဆောင်မြေညီထပ်တွင် ပြုလုပ်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက်သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးဝေလျက်ရှိရာ ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများပျိုးထောင်ထားရှိကြောင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၂၀)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ မုန်လာဥ ၅၀၀စည်း၊ မုန်ညင်း ၅၀၀ စည်း၊ ခရမ်းသီး ၅၅ ထုပ်၊ သခော်သီးစိမ်း ၅၀ လုံးနှင့် ငှက်ပျောသီး ၁၆ ဖီးတို့ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူးနှင့်တာဝန်ရှိသူများက ကော်မတီရုံးရှိ ဝန်ထမ်း ၅၂ ဦး၊ ဈေးနှင့်သားသတ်ဌာနရှိ ဝန်ထမ်း ၇၁ ဦး၊ ဘဏ္ဍာရေးဌာနရှိ ဝန်ထမ်း ၆၉ ဦး၊ သန့်ရှင်းရေးဌာန(ရုံးပေါ်)ရှိ ဝန်ထမ်း ၃၇ ဦး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနရှိ ဝန်ထမ်း ၁၆၀ ဦး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနရှိ ဝန်ထမ်း ၄၅ ဦး၊ စစ်ဆေးရေးဌာနရှိ ဝန်ထမ်း ၇၃ ဦးတို့ကို ဟင်းသီးဟင်းရွက်များအား အချိုးကျခွဲဝေထောက်ပံ့ပေးအပ်ကြရာ သက်ဆိုင်ရာဌာန တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။



(မန္တလေးနေ့စဉ်-၃)



# ရွေးကောက်ပွဲလှုံ့ဆော်ရေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ပခုက္ကူ ဒီဇင်ဘာ ၁၁**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပခုက္ကူတက္ကသိုလ်ရှိ ကျောင်းသား၊ ကျောင်းသူများထံ ရွေးကောက်ပွဲလှုံ့ဆော်ရေး "ဒို့အတူတူမဲပေးကြမယ်"လက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းက ဖြန့်ဝေကြသည်။

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးနှင့် ဆန္ဒမဲပေးနိုင်ရေးရည်ရွယ်၍ ပခုက္ကူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပခုက္ကူတက္ကသိုလ်တွင် အဆင့်မြင့်တက္ကသိုလ်ပညာရပ်များ သင်ကြားဆည်းပူးနေကြသည့် ကျောင်းသား၊ ကျောင်းသူများထံ ရွေးကောက်ပွဲလှုံ့ဆော်ရေး "ဒို့အတူတူမဲပေးကြမယ်" လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၄၀)

# မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်



**မင်းဘူး ဒီဇင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက် (တပို့တွဲလဆန်း ၅ ရက်)တွင် စတင်ဖွင့်လှစ်ပြီး ကျင်းပသွားမည်ဖြစ်ရာ ဘုရားပွဲတော် ကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မန်းရွှေစက်တော်ဘုရားပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၃ နာရီက သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပရေးဦးစီးကော်မတီနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် ဘုရားဂေါပကအဖွဲ့ဝင်များက ဘုရားပွဲတော်ကျင်းပရန် မန်းချောင်း ရေလမ်းကြောင်းပြုပြင်ခြင်း၊ မန်းချောင်းသောင်ပြင်အတွင်းပွဲတော်မြေနေရာနှင့် တည်းခိုဆောင်၊ ဈေးဆိုင်ခန်းများဆောက်လုပ်နိုင်ရေး စက်ယန္တရားကြီးများဖြင့် မြေနေရာရှင်းလင်းပြုပြင်ခြင်း၊ အောက်စက်တော်ရာ နဂါးအိုင်ပြုပြင်ခြင်း၊ ဘုရားဖူးလာပြည်သူများ အောက်စက်တော်ရာခြေတော်ရာအား အလွယ်တကူ သွားရောက်ဖူးမြော်နိုင်ရေး ဘောလီသံပေါင်တံတား တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် ဘုရားပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပစေရေး ထုံး၊ ဆေးသုတ်ခြင်းနှင့် မိုးတွင်းကာလ မန်းချောင်းရေတိုက်စားမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် မြေထိန်းနံရံတည်ဆောက်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဘုရားဂေါပကအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ပွဲတော်မကျင်းပမီ ဘုရားပရိဝုဏ်အတွင်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် အဆင့်မြှင့်တင်၊ တည်ဆောက်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဘုရားပွဲတော်ရက်မတိုင်မီ အပြီးဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မန်းရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ အစဉ်အလာမပျက် ကျင်းပလေ့ရှိပြီး လာမည့် ဘုရားပွဲတော်ရက်ကာလမှာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာသင်္ကြန် ရုံးပိတ်ရက်အပါအဝင် ရက်ပေါင်း ၈၆ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများ အဆင်ပြေစေရန် တည်းခိုဆောင်အခန်းပေါင်း ၅၁၉ ခန်းနှင့် ဈေးဆိုင်ခန်းပေါင်း ၇၇၉ ခန်းကို ဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး ဘုရားဖူးများအား ညအိပ်တည်းခိုခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ (၅၀၀)

# အာရှဖလားခြေစစ်ပွဲအောင်မြင်မှုတွင်ပါဝင်သော မန္တလေးတိုင်းဒေသကြီးမှ နည်းပြချုပ်နှင့် ကစားသမားများအား ဂုဏ်ပြု

**မန္တလေး ဒီဇင်ဘာ ၁၁**

အာရှဖလား-၁၇ ခြေစစ်ပွဲတွင် အောင်မြင်မှုရခဲ့သော မြန်မာ-၁၇ အမျိုးသားဘောလုံးအသင်းမှ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု နည်းပြချုပ် လက်ထောက်နည်းပြနှင့် ကစားသမားများအား မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်က ဂုဏ်ပြုငွေချီးမြှင့်ခြင်းနှင့် နေ့လယ်စာဖြင့် ဂုဏ်ပြုတည်ခင်းဧည့်ခံခြင်းကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက မန္တလေး၊ လမ်း၆၀နှင့်၁၀၇လမ်းထောင့်ရှိ မင်္ဂလာပါစားသောက်ဆိုင်တွင် ကျင်းပသည်။ **(အပေါ်ယာပုံ)**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်းဦး၊ ဘောလုံးအကယ်ဒမီကျောင်းအုပ်ကြီးနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ နိုင်ငံ့ဂုဏ်ဆောင်နည်းပြချုပ်နှင့် ကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောငြိမ်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး အာရှဖလားခြေစစ်ပွဲအောင် မြန်မာ-၁၇ နည်းပြချုပ် ကျော်ဇေယျက အာရှဖလားပြိုင်ပွဲမှသည် ကမ္ဘာ့ဖလားပြိုင်ပွဲအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကြိုးစားသွားမည့်အကြောင်းနှင့် ဂုဏ်ပြုပေးခြင်းအတွက် များစွာကျေးဇူးတင်ကြောင်း ပြောကြားသည်။



ထို့နောက် မန္တလေးတိုင်းဒေသကြီး ဂုဏ်ဆောင်နည်းပြချုပ် လက်ထောက်နည်းပြနှင့် ကစားသမားများအတွက် တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်က ဂုဏ်ပြုငွေကျပ် သိန်း ၅၀ ကို ချီးမြှင့်ပေးအပ်ရာ နည်းပြချုပ်က လက်ခံရယူပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြောင်း သိရသည်။(၀၃၂)

# လက်ဆွဲမျိုးစေ့ချကိရိယာ ဖြန့်ဖြူးရောင်းချ



**ပြင်ဦးလွင် ဒီဇင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ စပါးစိုက်ပျိုးသည့် တောင်သူများ လယ်ယာလုပ်သား ရှားပါးမှုကို ဖြေရှင်းနိုင်ရန်၊ စပါးတစ်ဧကကုန်ကျစရိတ် သက်သာစေရန်နှင့် ကြဲခင်းစိုက်ပျိုးသော တောင်သူများအနေဖြင့် လက်ဆွဲမျိုးစေ့ချကိရိယာအား အသုံးပြုခြင်းဖြင့် စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်၍ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံမှ ပထမအကြိမ် ထုတ်လုပ်ပြီးစီးသည့် တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် လက်ဆွဲမျိုးစေ့ချကိရိယာ ဖြန့်ဖြူးရောင်းချခြင်းကို ယမန်နေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ခရိုင်၊ မြို့နယ်အဆင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်က လယ်ယာလုပ်သား ရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် လက်ဆွဲမျိုးစေ့ချကိရိယာကို တောင်သူများ တွင်ကျယ်စွာ အသုံးပြုနိုင်စေရန် ရည်ရွယ်ဖြန့်ဖြူးရောင်းချရခြင်း ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထူးအောင်ကျော်က လက်ဆွဲမျိုးစေ့ချကိရိယာ၏ အားသာချက်များ၊ အသုံးပြုခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးများအား ရှင်းပြခဲ့ပြီး ပြင်ဦးလွင်ခရိုင်၊ မြို့နယ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ စပါးစိုက်ပျိုးသည့် ကျေးရွာအုပ်စုများမှ ၁၇ အုပ်စုအားရွေးချယ်၍ လက်ဆွဲမျိုးစေ့ချ ကိရိယာ၂၅ လက်အား တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခရိုင်(ပြန်/ဆက်)**

# (၂၄)ကြိမ်မြောက် တိုင်းရင်းဆေးကွင်းဆင်းကုသ

**မန္တလေး ဒီဇင်ဘာ ၁၁**

(၂၄)ကြိမ်မြောက် မြန်မာနိုင်ငံ တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းရင်းဆေးပညာဦးစီးဌာန မန္တလေးခရိုင်မှ ဦးဆောင်က ယမန်နေ့ နံနက်ပိုင်းက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်ရှိ အကောက်ဝန်ကျောင်းတွင် တိုင်းရင်းဆေးပညာဖြင့် အခမဲ့ကွင်းဆင်းကုသပေးခဲ့ကြသည်။

ကွင်းဆင်းကုသမှုတွင် မန္တလေးခရိုင်အသင်းမှ ဆရာ၊ ဆရာမများ၊ မြို့နယ်တိုင်းရင်းဆေးကုဌာနများမှ ဆရာ၊ ဆရာမများက ကျန်းမာရေးအသိပညာပေး ဟောပြောခြင်း တိုင်းရင်းဆေးပညာဖြင့် ရဟန်းရှင်လူပြည်သူ ၁၂၇ ဦး၏ ချောင်းဆိုး၊ ဖျားနာ၊ ထိခိုက်ဒဏ်ရာစသော အထွေထွေရောဂါများကို ကျန်းမာရေးစောင့်ရှောက်ကုသဆောင်ရွက်ပေးကြသည်။



အဆိုပါ ကွင်းဆင်းကုသမှုအား ဒီဇင်ဘာ ၄ ရက်က ပုသိမ်ကြီးမြို့နယ်၊ ကျီးကုန်းကျေးရွာတွင် ပထမအကြိမ်အဖြစ် ရဟန်းရှင်လူပြည်သူ ၅၇ ဦးအား တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်မှုပေးခဲ့ပြီး ယခုကွင်းဆင်းကုသမှုသည် ဒုတိယအကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

(၀၇၀)

# သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးစိုက်ကေများအား ကွင်းဆင်းကြည့်ရှု

**လယ်ဝေး ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်နှင့်တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်ထောက်ပံ့ငွေ (သက်တန့်ရောင်စီမံကိန်း) ဖြင့် ဆောင်ရွက်ခဲ့သည့် လယ်ဝေးမြို့နယ်၊ ရေအိုးစဉ်ကျေးရွာ၊ ရေအိုးစဉ်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးသောင်းလွင်၏ ဗျောသုခမိုးစပါး စိုက်ပျိုးထားရှိမှုအား ကွင်းဆင်းကြည့်ရှုခဲ့သည်။

ကွင်းဆင်းကြည့်ရှုစဉ် ညွှန်ကြားရေးမှူးက မိုးစပါးစိုက်ဧကများ ရိတ်သိမ်းရာတွင် အချိန်မီရိတ်သိမ်းဆောင်ရွက်နိုင်ရေး၊ ပျက်စီးလေလွင့်မှုမရှိစေရေး၊ အမိုးအကာအောက်သို့ အမြန်ရောက်ရှိစေရေး၊ စပါးရိတ်သိမ်းပြီးပါက ထောက်ပံ့ပေးထားသော မျိုး၊ သွင်းအားစုတန်ဖိုးငွေများ အချိန်မီရရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန်နှင့် နောက်သီးနှံစိုက်ပျိုးနိုင်စေရေးတို့အတွက် ဦးစီးဌာနမှ အသင်းသားတောင်သူများ၏ လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ်၊ ရှမ်းစုကျေးရွာရှိ ဆင်အုံမွေးမြူထုတ်လုပ်ရေးနှင့် လုပ်ငန်းပေါင်းစုံ သမဝါယမအသင်းပိုင် ငါးမွေးမြူရေးကန်သို့ သွားရောက်ကြည့်ရှုခဲ့ပြီး အမှုဆောင်များနှင့်တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## ပို့ကုန်ရငွေ အပြောင်းအလဲများ ရှိနိုင်သောကြောင့် ပဲ၊ နှမ်းဈေးကွက် ကောင်းမွန်လာ



ပို့ကုန်ရငွေ အပြောင်းအလဲများ ရှိနိုင်သောကြောင့် ပဲ၊နှမ်း ဈေးကွက်အရောင်းအဝယ်ပြန်ကောင်းလာကြောင်း ကုန်သည်များထံမှ သိရသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စု ဈေးပြန်ကောင်းလာသလို ပို့ကုန်ပဲများလည်း အရောင်းအဝယ်ပြန်ကောင်းလာခြင်း ဖြစ်သည်။

ပို့ကုန်ရငွေအပေါ် သတ်မှတ်သည့် မူဝါဒအပြောင်းအလဲရှိလာနိုင်သောကြောင့် ပို့ကုန်ပဲများဖြစ်သည့် မတ်ပဲနှင့် ပဲစင်းငုံမှာ ဈေးအေးနေရာမှ အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာကြောင်း ပြည်တွင်းသုံး ကုလားပဲများမှာလည်း ပဲခွဲစက်များအဝယ်ကောင်းသောကြောင့် တစ်အိတ်လျှင် အမျိုးအစားအလိုက် ငွေကျပ် ၃၀၀၀-၄၀၀၀ခန့် ဈေးမြင့်တက်လာကြောင်း ပဲမာလိုင်းများမှာ ပဲသစ်စိုက်ပျိုးချိန်ပြီးသောကြောင့် ပစ္စည်းကုန်၊ဈေးကုန်ဖြစ်နေကြောင်း ပဲကုန်သည် ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပြည်တွင်းသုံးကုလားပဲက ပဲခွဲစက်တွေ အဝယ်ကောင်းလာလို့ သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၃၀၀၀-၄၀၀၀ ခန့် ဈေးပြန်တက်လာပါတယ်။ နှမ်းနက်ဈေးကအနည်းငယ်အေးနေကြောင်း။ ပို့ကုန်သမားများ နှမ်းနက်ဝယ်ယူစုဆောင်းချိန်ဖြစ်တော့ ဈေးအကောင်းကြီး မဟုတ်သေးဘူး၊ မြေပဲဆန်ဈေးကလည်း ပဲဖက်ဈေးကျတော့ ပုံမှန်သာ အရောင်းအဝယ်ရှိနေပါတယ်။ ပြည်တွင်းသုံးပဲက ပဲကုန်၊ဈေးကုန်ဖြစ်နေပါပြီ။ ကျွန်းစားတော်ပဲဆိုရင် မျိုးစေ့ဈေးကွက်ပြီးသွားတော့ ဈေးပြန်ကျဆင်းသွားတယ်။ တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀၀ ခန့်သာ ပေါက်ဈေးရှိပါတယ်။ ပို့ကုန်ရငွေ အပြောင်းအလဲရှိနိုင်သောကြောင့် ပို့ကုန်မတ်ပဲနဲ့ပဲစင်းငုံတွေ အဝယ်ပြန်လှုပ်လာပါတယ် "ဟု ၎င်းက ပြောသည်။

ဒီဇင်ဘာ ၁၂ ရက်တွင် ပို့ကုန်ပဲများမှ ပဲစင်းငုံဈေးမြင့်လာရာ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ ပဲတီစိမ်း (အညာ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၇၀၀၀၊ V7 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၆၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၃၀၀၀၊ 929 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဒီဇင်ဘာ ၁၂ ရက်တွင် ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀၀၊ ပဲနီပြာ(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀၀၀၊ ပဲထောပတ်(သစ်) တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ်၂၇၀၀၀၀၊ စားတော်ပဲ(ကနေဒါ) တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀ ပေါက်ဈေးရှိသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ဒီဇင်ဘာ ၁၂ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၄၀၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၇၀၀-၈၈၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၆၈၅၀ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

ရွှေမန်း

၀-၀-၀-၀-၀-၀-၀

## ပြည်ပသို့ ဆန်ထက် ဆန်ကွဲကို ပိုမိုတင်ပို့ထား

နိုဝင်ဘာလအတွင်း ပြည်ပဈေးကွက်နိုင်ငံများသို့ ဆန်ထက် ဆန်ကွဲကို ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF)မှ ထုတ်ပြန်သည့်အချက်အလက်တွေအရ သိရသည်။

ဆန်ကွဲ (A+B) တင်ပို့မှုက စုစုပေါင်းဆန်တင်ပို့မှုသည် ၅၅ ရာခိုင်နှုန်းအထိ ရှိခဲ့ပြီး မက်ထရစ်တန်ချိန် ၁၄၆၁၅၁ တန် တင်ပို့နိုင်ခဲ့ခြင်း ဖြစ်သည်။

ဆန်အမျိုးအစားအလိုက် တင်ပို့မှုကို ကြည့်လျှင် ဧည့်မထ/ငစိန်အုပ်စုဝင် ဆန်ကြမ်း ၅ မှတ်နဲ့ ၁၀ မှတ်ဆန်ကို ၈၁၄၄၁ တန် တင်ပို့နိုင်ခဲ့ပြီး စုစုပေါင်းတင်ပို့မှုသည် ၃၃ ရာခိုင်နှုန်းရှိခဲ့ကာ ၂၅ မှတ်ဆန်ကို ၂၈၀၈၅ တန် တင်ပို့ခဲ့ရပြီး စုစုပေါင်းတင်ပို့မှု၏ ၁၁ ရာခိုင်နှုန်း ပါဝင်လျက်ရှိသည်။

၁၅ မှတ်ဆန်ကို ၄၇၃၅တန် တင်ပို့ခဲ့ပြီး စုစုပေါင်းတင်ပို့မှု၏ နှစ်ရာခိုင်နှုန်းနဲ့ ပေါင်းဆန် (Parboiled) ကိုတော့ ၃၄၀၃ တန် တင်ပို့ခဲ့ပြီး စုစုပေါင်းတင်ပို့မှု၏ တစ်ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

နိုဝင်ဘာလအတွင်း ဆန်/ဆန်ကွဲတင်ပို့မှုကို ကြည့်လျှင် မက်ထရစ်တန်ချိန် ၂၆၃၈၁၅ တန် တင်ပို့မှုကနေ ပို့ကုန်ဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၇၆ သန်း ရရှိထားသည်။


ဆန်/ဆန်ကွဲ ပို့ကုန်ကုမ္ပဏီ ၆၁ ခုက တင်ပို့ခဲ့တာဖြစ်ပြီး ပုံမှန်ကုန်သွယ်မှုဖြစ်သည့် ပင်လယ်ရေကြောင်းကနေ တန်ချိန် ၂၅၇၅၁၅တန်နှင့် နယ်စပ်ကုန်သွယ်ရေးမှ တန်ချိန် ၆၃၀၀ခန့် တင်ပို့ထားသည်။

နိုဝင်ဘာလအတွင်း ဆန်နဲ့ဆန်ကွဲကို တရုတ်နိုင်ငံတစ်ခုတည်းက ၁၁၆၈၆၉ တန်အထိ အများဆုံး ဝယ်ယူထားခြင်းဖြစ်သည်။

ယခုဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအထိ ရှစ်လတာအတွင်း ပြည်ပကို ဆန်/ဆန်ကွဲ တန်ချိန် ၁ ဒသမ ၇ သန်း ကျော် တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၇၅ သန်း ရရှိထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀-၀-၀






## ဆောင်းမြေပဲလျာထားချက်ပိုမိုစိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ကျွန်းလှ ဒီဇင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးထုတ်လုပ်ကြရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ မြေပဲကို မိုးရာသီနဲ့ ဆောင်းရာသီစိုက်ပျိုးကြပါတယ်။ ဒီနှစ်ဆောင်းရာသီ မြေပဲစိုက်ပျိုးဖို့ ၁၃၈၉၆ ဧကလျာထားသော်လည်း ၁၄၀၁၃ ဧက စိုက်ပျိုးပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခုအခါ မြေပဲစိုက်ခင်းတွေမှာ ဥဥချိန်ရောက်ပြီး အောင်မြင်ဖြစ်ထွန်းနေပါတယ်။ တောင်သူတွေကိုလည်း မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ် "ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၃၄၈၆၄ ဧက စိုက်ပျိုးရန် လျာထားပြီး လက်ရှိအချိန်အထိ မြေပဲ ၁၄၀၁၃ ဧက၊ နှမ်း ၁၄၀၃၇ ဧက၊ နေကြာ ၅၂၂ ဧက၊ ပန်းနှမ်း ၅၃၁၅ ဧက၊ မုန်ညင်းစေ့ ၃၃၅ ဧက စုစုပေါင်း ၃၄၂၂၂ ဧက စိုက်ပျိုးပြီးစီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးခြင်းဖြင့် ပြည်ပစားသုံးဆီ တင်သွင်းမှုလျှော့ချပြီး ပြည်တွင်းစားသုံးဆီ ဖူလုံမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၀)

၀-၀-၀-၀-၀-၀-၀

## တောင်သူများ အဓိကသုံးစွဲနေသော မြေဩဇာအမျိုးအစား နှစ်မျိုးအတွက် ရည်ညွှန်းဈေးများ သတ်မှတ်ထုတ်ပြန်

မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းမှ တောင်သူများ အဓိကသုံးစွဲနေသော မြေဩဇာအမျိုးအစားနှစ်မျိုးအတွက် ရည်ညွှန်းဈေးများ သတ်မှတ်ထုတ်ပြန်ထားသည်။

ဒီဇင်ဘာ ၁ ရက်မှ ၃၁ရက်အတွက် လက်ကားရည်ညွှန်း ဈေးနှုန်းများကို ထုတ်ပြန်ထားခြင်းဖြစ်ပြီး ယူရီးယားမြေဩဇာ (အလုံးကြီး) ၅၀ကီလိုတစ်အိတ်လျှင်ငွေကျပ် ၉၄၀၀၀၊DiAmmonium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ သတ်မှတ်ထားခြင်း ဖြစ်သည်။

ယခုသတ်မှတ်ထားသည့် ဈေးနှုန်းများသည် ရန်ကုန်အထိုင် လက်ကားဈေးများဖြစ်ပြီး ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်ပေါ်မူတည်ကာ ဈေးနှုန်းအနည်းငယ် ကွာခြားမှုရှိနိုင်ကြောင်း၊ မြေဩဇာများကို ရည်ညွှန်းဈေးနှင့်အညီ ရောင်းချခြင်းမပြုပါက တိုင်ကြားနိုင်ကြောင်း အသိပေးထားသည်။


ယခု ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်၏ ဧပြီလမှ ဒီဇင်ဘာလအထိ ၉ လအတွင်း မြေဩဇာတန်ချိန် တစ်သိန်းခွဲကျော် တင်သွင်းထားကြောင်း သိရသည်။

ရွှေမန်း



## စာအုပ်စင်ကဏ္ဍ

စာအုပ်အမည် - ဝတ္ထုတိုအဖွင့်
စာရေးသူ - ဇော်ဇော်အောင်
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၉၀၀၀ ကျပ်
စာမျက်နှာ - ၂၀၄ မျက်နှာ
မျက်နှာဖုံးဒီဇိုင်း - နိုင်ခွန်အား
ထုတ်ဝေသည့်ကာလ - ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(ပထမအကြိမ်)




ဝတ္ထုရေးလိုသူများအတွက် ဖတ်ရှုသင့်သော စာအုပ်ဖြစ်သည်။ စာစုအပုဒ် ၃၀ ကို စုစည်းထားသည်။ ဇာတ်လမ်းအခြေခံ သီဝရီ မှတ်ချက်အချို့၊ အနုပညာခံစားမှု သီဝရီအပိုင်း(၁)၊ (၂)မော်ဒန်ခေတ်လွန်ဝတ္ထုတိုသဘောတရားအပိုင်းအစစိတ်ဖြာခြင်း သီဝရီ၊ မော်ဒန်ခေတ်လွန်အပိုင်း(၁)၊ (၂)၊အနုပညာခံစားမှုတပ်ဆင်ဖန်တီးခြင်း၊ ဝတ္ထု၏ စကားပြေ နောက်ဆက်တွဲမှတ်ချက်အချို့၊ အရည်အချင်း ပြည့်ဝသော ဝေဖန်ရေး ဆရာ၊ စာပေအနုပညာ၏ အနည်းဆုံးဝါဒ၊ ပင်လယ်ပေါ်မှာ ဝေတဲ့နှင်း (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊(၆)၊ မော်ဒန်ဝတ္ထုတိုအဖွင့်၊ ဝတ္ထုတိုအတွေးစက်များ၊ ဖြုတ်စဖျင်းတောင်း ဝတ္ထုတိုအကြောင်း၊ သူ့ထက်တိုတဲ့ ဝတ္ထုတောင် သူ့လောက်မတိုဘူး၊ ဝတ္ထု၏စကားပြေ၊ဝတ္ထုအကြောင်း တပေါင်းစာတမ်း၊ဝတ္ထုအကြောင်း ဆွေ့ဆွေ့ခုန်စာတမ်း၊ ရသအမြင် အချို့နှင့် မှတ်ချက်အချို့၊ ဝတ္ထုတိုကိစ္စလေး၊ ဝတ္ထုတို၏သဒ္ဒါ(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)တို့ဖြစ်သည်။

စာရေးသူ ဆရာဇော်ဇော်အောင်က "အနုပညာဆိုသည်မှာ အနုပညာသမား၏ ခံစားမှုကို ထုတ်ဖော်ပြခြင်း ဖြစ်သည်။ ထိုခံစားမှုကို နှစ်သက်မွေ့လျော် ခံစားခြင်းဖြင့် အနုပညာပရိသတ်က ခွဲဝေကူးစက်ခံစားနိုင်သည်" ဟု ဖွင့်ဆိုထားသည်။ မန္တလေး စာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။


## ဖော်ညွှန်းသီ

စာအုပ်အမည် - မာန်
စာရေးသူ - မောင်ထွန်းသူ
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၁၂၀၀၀ ကျပ်
စာမျက်နှာ - ၂၆၇ မျက်နှာ
မျက်နှာဖုံးဒီဇိုင်း - ဓဒဲလား
ထုတ်ဝေသည့်ကာလ - ၂၀၂၅ ခုနှစ်၊ ဇက်တင်ဘာလ(တတိယအကြိမ်)

ဆရာမောင်ထွန်းသူ၏ မြန်မာဘာသာပြန် လက်ရာဖြစ်သည်။ ၁၉၉၇ ခုနှစ် လှဒွေးစာပေမှ ပထမအကြိမ် ထုတ်ဝေခဲ့ပြီး ၂၀၁၀ပြည့်နှစ်တွင် စိတ်ကူးချိုချိုစာပေမှ ဒုတိယအကြိမ် ထုတ်ဝေခဲ့သည်။ ယခု တတိယအကြိမ်အဖြစ် ပြန်လည်ထွက်ရှိလာခြင်း ဖြစ်သည်။

မူရင်းစာရေးဆရာ (C.S Forester) ၏ (The Gun) ဝတ္ထုကို မြန်မာပြန်ဆိုထားခြင်းဖြစ်ပြီး ထင်ရှားကျော်ကြားကာ ရောင်းအားအကောင်းဆုံးစာအုပ်လည်း ဖြစ်သည်။

၁၈၀၇ ခုနှစ်မှ ၁၈၁၄ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ကျွန်းဆွယ်စစ်ပွဲ နောက်ခံထားကာ အမြောက်တစ်လက်ကို အဓိက အသားပေးထားသော ဇာတ်လမ်းဖြစ်သည်။ ၁၉၃၃ ခုနှစ်တွင် စာအုပ်အဖြစ် စတင်ထုတ်ဝေဖြန့်ချိကာ နပိုလီယံပြင်သစ်၏ ကျူးကျော်မှုစစ်ပွဲအဖြစ် သမိုင်းဝင်ခဲ့သည့် ဝတ္ထုရှည်ကြီးဖြစ်သည်။ အောင်မြင်မှုနှင့် ရှုံးနိမ့်မှုကို ဖန်တီးထားသည်။ ရက်စက်ကြမ်းကြုတ်မှုများကို ပီပြင်စွာ သရုပ်ဖော်ရေးဖွဲ့ထားသည်။မြန်မာဘာသာပြန်စာအုပ်ကောင်း ဖတ်လိုသူများ သဘောကျနှစ်သက်မည့် စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။




ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ပရဟိတ နှလုံးသား

\------------

* ကမ္ဘာပေါ်မှာ ရာသီဥတု
ဖောက်ပြန်မှုကြောင့် လေထု၊ ရေထု
မြေထုတွေက နိပ်စက်ကြကာ
သဘာဝဘေးအန္တရာယ်တွေ ကြုံတွေ့နေသည် ။
* ကမ္ဘာတစ်ဝန်း ဖြစ်ရပ်ဆန်းတွေ
ခန့်မှန်းမရ မြန်ဆန်လှသည့်
အနိဋ္ဌာရုံ မြင်ကွင်းစုံတွေ
မကြုံစဖူး ထူးကဲစွာ တွေ့မြင်နေသည် ။
* လျှပ်တစ်ပြက် တိုက်ကွက်ရိုက်ချက်တွေကြောင့်
အသက်အိုးအိမ် စည်းစိမ်ဥစ္စာ
တိုက်တာ အဆောက်အအုံတွေ ပျက်သုဉ်း
ဘဝပေါင်းများစွာ ဆုံးရှုံးနေရသည် ။
* လောကသဘာဝ ကြုံတွေ့ကြလည်း
တစ်ယောက်ဒုက္ခ တစ်ယောက်ဝေမျှ
အယူဝါဒ မတူကြလည်း
ဖေးမကူညီ လက်တွဲကြရမည် ။
* လူသားအချင်းချင်း ရိုင်းပင်းကူကာ
စာနာသနား စေတနာထားလျက်
ငွေအား၊ လူအား၊ မေတ္တာအားနှင့်
အားသွန်ခွန်စိုက် ပံ့ပိုးကြရမည် ။
* ယနေ့ချိန်ခါ မေတ္တာရှင်များ
ဗြဟ္မစိုရ်တရား လက်ကိုင်ထားကာ
ပရဟိတ နှလုံးသားနှင့်
အများအကျိုး သယ်ပိုးထမ်းရွက်နေကြသည် ။

မိုးထက်ကို(အမရပူရ)



## လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ကွင်းဆင်းစစ်ဆေး

**မူဆယ် ဒီဇင်ဘာ ၁၁**

မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနမှ ၂၀၂၅-၂၀၂၆ ခုဘဏ္ဍာရေးနှစ် ခွင့်ပြုလုပ်ငန်းများဖြစ်သည့် ကွန်ကရစ်လမ်းငါးခု၊ ကျောက်ချောလမ်း တစ်ခု၊ တံတားသုံးစင်း၊ လမ်းပေါက်ဖာခြင်း၊ လုပ်ငန်းတစ်ခု၊ အခြားလုပ်ငန်းငါးခု၊ စုစုပေါင်းလုပ်ငန်း ၁၅ ခုအား မြို့ပေါ်ရပ်ကွက် (၉) ရပ်ကွက်တွင် ဆောင်ရွက်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများထဲမှ ဌာနကြီးကြပ်ဖြင့် ဆောင်ရွက်မည့် ငွေလုံးငွေရင်းလုပ်ငန်းများအနက် ကောင်းမူးတုံရပ်ကွက်၊ ကောင်းမူလွယ်နယ်မြေ၊ နတ်စင်လမ်း (ပေ ၄၀၀× ၁၆ ပေ× ၆ လက်မ)ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနအမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦး(ဒုတိယညွှန်ကြားရေးမှူး)နှင့် အင်ဂျင်နီယာမှူး ဦးရဲထွဋ်တို့က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)

## ကျောက်ပန်းတောင်းမြို့နယ်၌ အောင်နိုင်တိုးမျိုး မိုးစပါးစံကွက်ရိတ်သိမ်း

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးကွင်းပြတ် စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ကိုင်းကျေးရွာအုပ်စု ကွင်းအမှတ်(၂၂၆၈) တောင်သူ ဦးသာညြ၏ မိုးစပါးတစ်ဧကတွင် ကျင်းပခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးအေးမော်နှင့်ဝန်ထမ်းများ၊ မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းလွင်နှင့်ဝန်ထမ်းများ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီး ဦးကျော်ဆွေဝင်းနှင့်ဝန်ထမ်းများ၊ ကိုင်းကျေးရွာအုပ်စုမှ တောင်သူများ တက်ရောက်ခဲ့ကြပြီး မြို့နယ်တာဝန်ရှိသူများက မိုးစပါးလျာထားချက်ပြည့်မီရေးအတွက် တောင်သူများ လိုက်နာလုပ်ဆောင်ရမည့် နည်းစနစ်ကောင်းများကို ပညာပေးဆွေးနွေးကြသည်။

ထို့နောက် တောင်သူ ဦးသာညြ၏ အောင်နိုင်တိုး မိုးစပါး တစ်ဧကမှ ၀ ဒသမ ၁၀ စံကွက်ကို ရိတ်သိမ်းကြရာ ၁၂ ဒသမ ၅ တင်း ထွက်ရှိခဲ့သဖြင့် တစ်ဧက အထွက်နှုန်းမှာ ၁၂၅ တင်း ထွက်ရှိကြောင်း သိရသည်။

(၄၅၆)



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညညု-၄၈)၊ ဦးပိုင်အမှတ်(၃-ခ)၊ ဧရိယာ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးသက်နိုင်(၉/ပသက(နိုင်)၀၀၈၉၀၈) အမည်ဖြင့် ချထားရရှိသောမြေကွက်၏ အလယ်ခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်နှစ်ထပ် အဆောက်အအုံ၏ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ရှိတရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးဇော်လင်းဦး(ဘ)ဦးစိုးဝင်း(၉/မသန(နိုင်)၁၄၄၃၂၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**
**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**
**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၄)၊ ဦးပိုင်အမှတ်(၁၈၀)၊ ဧရိယာ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးတက်ပု အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အတွင်းမှ အလယ်ခြမ်း ဧရိယာ ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးညွန့်လှိုင်(ဘ)ဦးတက်ပု(၉/မနတ(နိုင်)၀၃၇၁၀၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | | |
|---|---|---|
| **ဦးသန်းရွှေ** | **ဦးအောင်ဖြိုးမောင်** | **ဒေါ်နန်းဖြူဖြူအေး** |
| **B.A (Hist), H.G.P** | **LL.B** | **B.Sc . PGDL** |

**အထက်တန်းရှေ့နေများ**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိရှိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ပြည်လုံးတိုင်အုပ်စု၊ စုကြီးထန်းတောရပ်ကွက်နေထိုင်သူ ဒေါ်စန်းစန်းနွယ် မှတ်ပုံတင်အမှတ် (၉/ကဆန(နိုင်)၀၀၈၄၄၄) (ဘ)ဦးအောင်မြင့်မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ပြည်လုံးတိုင်အုပ်စု၊ စုကြီးထန်းတောရပ်ကွက်၊ ဦးပိုင်အမှတ်(၄၅/ခ) အရှေ့-အနောက်၊ တောင်ဘက်ခြမ်း ၂၈ ပေ၊ အရှေ့-အနောက် မြောက်ဘက်ခြမ်း ၃၈ ပေ၊ တောင်-မြောက် ၉၈ ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ဒေါ်စန်းစန်းနွယ် အမည်ပေါက် ပိုင်ဆိုင်သော ဂရန်မြေကွက်ဖြစ်ပြီး ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းနွယ် တစ်ဦးတည်းသာလျှင် လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ထားပြီးဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စာစာဦး (LL.B)(D.I.L) တရားလွှတ်တော်ရှေ့နေ**
**၃၉လမ်းနှင့် လမ်း၄၀ကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ မဟာနွယ်စဉ်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၁၅၀၀၁၅၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(ပပ-၄၉)၊ ဦးပိုင်အမှတ်(၇၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအုတ်တံတိုင်း၊ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံ အပါအဝင် နေထိုင်ပိုင်ဆိုင်ခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိနေထိုင်ပိုင်ဆိုင် အသုံးပြုလျက်ရှိပြီး စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဝင်းအောင်(၉/ပကခ(နိုင်)၀၁၂၂၇၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

| | |
|---|---|
| **ဒေါ်သီရိ (LL.B)** | **ဒေါ်မြင့်မြတ်စု (LL.B , D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ (စဉ်-၄၄၆၇၃)** |
| **၀၉-၇၉၈၇၁၆၄၆၈** | **၀၉-၄၃၁၄၆၂၄၉** |

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၅၀)၊ ဧရိယာ(၀ ဒသမ ၀၃)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးမျိုးသန့်(ဘ)ဦးကျော်ညွန့်(၉/မရမ(နိုင်)၀၇၀၃၅၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၆၈လမ်း၊ ၁၀၁လမ်းနှင့် ၁၀၂လမ်းကြားနှင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တော်ဝင်ပုလဲကွန်ဒို၊ ပင်ရွှေညောင်လမ်း၊ အမှတ်(B-51)တို့တွင် လုပ်ကိုင်လျက်ရှိသော Sup Car Auto Detailing & PPF ကားရေဆေးခြင်းနှင့် ကား Service လုပ်ငန်းပိုင်ရှင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၆၈လမ်း၊ ၁၀၁လမ်းနှင့် ၁၀၂လမ်းကြားနှင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တော်ဝင်ပုလဲကွန်ဒို၊ ပင်ရွှေညောင်လမ်း၊ အမှတ်(B-51)တွင် Sup Car Auto Detailing & PPF အမည်ဖြင့် ကားရေဆေးခြင်းနှင့် ကား Service လုပ်ငန်းအား လုပ်ကိုင်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းနှင့် ပတ်သက်၍ ပိုင်ရှင်ဖြစ်သူမှ မည်သူတစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ ဝန်ထမ်းများကိုသော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲအပ်ထားခြင်း၊ လုပ်ပိုင်ခွင့်များ လွှဲအပ်ထားခြင်း မရှိပါ။ ထို့ကြောင့် ယခင်လုပ်ကိုင်ခဲ့ဖူးသော ဝန်ထမ်းဟောင်းများ၊ ယခု လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများနှင့် ပတ်သက်သည့် လူမှုရေးကိစ္စ အရှုပ်အရှင်းများ၊ ငွေရေးကြေးရေးကိစ္စ အရှုပ်အရှင်းများအား လုပ်ငန်းပိုင်ရှင်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ဘဲ ပြုလုပ်သူဝန်ထမ်းများနှင့်သာ သက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်အေးမြသီတာ ဒေါ်အေးယုဝေ** — **တရားလွှတ်တော်ရှေ့နေများ**
**ဦးအာကာဇေယျ** — **အထက်တန်းရှေ့နေ**

လမ်း၈၀၊ ၂၉လမ်းနှင့် လမ်း၃၀ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၃၄၇၅၊ ၀၉-၇၇၇၂၂၅၇၉၇

## အကွက်အမှတ်(ဗ-၂၉)၊ ဦးပိုင်အမှတ်(၄၅-က)၊ ဧရိယာ(၀ ဒသမ ၀၁၃၇) အကျယ်အဝန်းရှိ မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၉)၊ ဦးပိုင်အမှတ်(၄၅-က)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ခင်ဝင်း အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်စန်းစန်းအေး(ဘ)ဦးတင်ဌေး(၅/ရဥန(နိုင်)၀၆၀၅၂၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်မေ (LL.B) , ဒေါ်ယဉ်ယဉ်ဌေး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂။**

## အကွက်အမှတ်(ဗ-၂၄)၊ ဦးပိုင်အမှတ်(၅၁-က) မြေကွက်ထဲမှ အရှေ့ဘက်ခြမ်း ပေ(၁၀×၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၄)၊ ဦးပိုင်အမှတ်(၅၁-က)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးမြင့်သိန်း အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲမှ အရှေ့ဘက်ခြမ်း ပေ(၁၀×၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်မြင့်မြင့်ဆွေ(ဘ)ဦးထွန်းအောင်(၉/မရတ(နိုင်)၁၁၃၀၉၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံတို့သို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်မေ (LL.B) , ဒေါ်ယဉ်ယဉ်ဌေး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၃)၊ ဦးပိုင်အမှတ်(၅၂)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးတုတ် အမည်ဖြင့် မြေနေရာချထားရရှိသည့် မြေကွက်အတွင်း မြောက်အစွန်နှင့်ကပ်လျက် တောင်ဘက်ခြမ်း (၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်မိုးဦး(ဘ)ဦးလှမိုးဦး(၁၂/လမန(နိုင်)၁၃၈၈၇၆)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဖြူသီမြင့် (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ**
**ညည-၆၈/၄၂၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၁၁၅၉၅၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၁)၊ ဦးပိုင်နံပါတ်(၁၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးမောင်ငယ် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း (၁၅ ပေ × ပေ ၄၀)နှင့် ကပ်လျက် မြောက်ဘက်ပိုင်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ပြုံးမာ(ဘ)ဦးတင်ရွှေ(၁၂/ခရန(နိုင်)၀၇၇၂၀၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးကြည်ယံ (LL.M)** အထက်တန်းရှေ့နေ **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်သဲမို့မို့ထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၁၄)၊ ဦးပိုင်အမှတ်(၅-က)၊ မြေဧရိယာ (ပေ ၃၀ × ၄၅ ပေ) အကျယ်အဝန်းရှိ ဦးမင်းအေး အမည်ဖြင့် မြေနေရာချထားရရှိသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်သန့်(ဘ)ဦးအုန်း(၉/မရမ(နိုင်)၀၃၄၁၉၄)နှင့် ဒေါ်ဘောဘီပြုံး(ဘ)ဦးသိန်းအောင်(၉/မရမ(နိုင်)၀၆၆၈၂၀)တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဖြူသီမြင့် (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ**
**ညည-၆၈/၄၂၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၁၁၅၉၅၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၉)၊ ဦးပိုင်နံပါတ်(၄၅$\frac{1}{7}$ W)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးအောင်မိုး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သူဇာဝင်းရွှေ(ဘ)ဦးတင်ရွှေ(၉/မရမ(နိုင်)၀၈၆၆၂၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင်(LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၄)၊ ဦးပိုင်အမှတ်(၇၀-ခ)၊ မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးဇော်ဇော်မင်း အမည်ဖြင့် မြေနေရာချထားရရှိသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ဇင်မောင်မောင်(ဘ)ဦးမောင်မောင်ကျော်(၁/မညန(နိုင်)၁၃၁၁၂၀)နှင့် ဒေါ်ဖြူစင်သိမ့်(ဘ)ဦးခင်မောင်အေး(၁/ကမန(နိုင်)၀၃၇၅၃၄)တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဖြူသီမြင့် (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ**
**ညည-၆၈/၄၂၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၁၁၅၉၅၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁၀)၊ ဦးပိုင်နံပါတ်(၁၅၂+၁၅၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းစီရှိ ဦးခင်လတ် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်များအနက် ဦးပိုင်နံပါတ်(၁၅၂)၊ မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀)၏ အရှေ့ဘက်ခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမိုးလွင်ဦး(ဘ)ဦးညွန့်မောင်(၉/မရမ(နိုင်)၀၇၃၃၃၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင်(LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၉)၊ ဦးပိုင်အမှတ်(၁၁၁-ခ)၊ မြေကွက်ပေါ်တွင် ဒေါ်မှူးသပြေဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မကန(နိုင်)၁၁၃၂၅၇)က S.S (၂)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့် ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၁)၊ ဦးပိုင်အမှတ်(၄၅+၄၆)၊ မြေကွက်ပေါ်တွင် ဒေါ်သန်းသန်းလွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနတ(နိုင်)၀၀၅၇၂၅)က RC (၄)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၇)၊ ဦးပိုင်အမှတ်(၁၁)၊ မြေကွက်ပေါ်တွင် ဒေါ်နန်းဆိုင်နွံ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/မဆတ(နိုင်)၀၂၉၇၃၂) က RC (၃)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၆၇)၊ ဦးပိုင်အမှတ်(၁ မှ ၂၂)ထိ၊ မြေကွက်ပေါ်တွင် ဦးဇော်လင်းဦး(ပါ-၅) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ရဘန(နိုင်)၀၀၀၀၆၆)က ဝင်းခြံကာရံခွင့် (ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၆၇)၊ ဦးပိုင်အမှတ်(၂၇ မှ ၄၀)ထိ၊ မြေကွက်ပေါ်တွင် ဦးထွန်းအောင်ကျော်(ပါ-၃) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၂/ရကန(နိုင်)၀၄၄၄၄၃)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ အကွက်အမှတ်(၅၉၄)၊ ဦးပိုင်အမှတ်(၁၉၇+၁၉၉+၂၀၀/၁+၂၀၀/၂+၂၀၁+၂၀၂+၂၀၇+၂၀၈+၂၁၀+၂၁၁+၂၁၆)၊ မြေကွက်ပေါ်တွင် ဦးမျိုးအောင်(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၄/မမန(နိုင်)၀၀၃၆၇၉)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ အကွက်အမှတ်(၅၈၉)၊ ဦးပိုင်အမှတ်(၁-က)၊ မြေကွက်ပေါ်တွင် ဦးမျိုးအောင်(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၄/မမန(နိုင်)၀၀၃၆၇၉)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ လူသားအရင်းအမြစ်ကောင်းများရရှိမှသာလျှင် စနစ်ကျနသည့် စီးပွားရေးကိုဖော်ဆောင်နိုင်မည်ဖြစ်...

❖ ထို့ကြောင့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တာ့ခ်မင်နစ္စတန်နိုင်ငံ၏ အမြဲတမ်းကြားနေမှုဝါဒ နှစ်(၃၀)ပြည့် အထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အက်ရှ်ဂါဘတ်မြို့ရှိ တာ့ခ်မင်နစ္စတန်နိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် ယနေ့နံနက်ပိုင်းတွင် တာ့ခ်မင်နစ္စတန်နိုင်ငံ အက်ရှ်ဂါဘတ် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ တာ့ခ်မင်နစ္စတန်နိုင်ငံမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အက်ရှ်ဂါဘတ်မြို့ရှိ Monument of Neutrality ၌ ကျင်းပသည့် တာ့ခ်မင်နစ္စတန်နိုင်ငံ၏ အမြဲတမ်းကြားနေမှုဝါဒ နှစ်(၃၀) ပြည့်အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားသို့ ဖိတ်ကြားထားသည့် နိုင်ငံတကာမှ ခေါင်းဆောင်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်ခေါင်းဆောင်များ၊

*စာမျက်နှာ ၄ သို့* ❐



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တာ့ခ်မင်နစ္စတန်နိုင်ငံ သမ္မတ H.E. Mr. Serdar Berdimuhamedov နှင့် တွေ့ဆုံဆွေးနွေးစဉ်။

## Basel Institute on Governance ၏ Basel AML Index 2025 အရ မြန်မာနိုင်ငံအား အဆင့်သတ်မှတ်ဖော်ပြချက်အပေါ် ကန့်ကွက်ကြောင်း အသိပေးထုတ်ပြန်ချက်

၁။ ဆွစ်ဇာလန်နိုင်ငံအခြေစိုက် International Non-profit Organization တစ်ခုဖြစ်သည့် Basel Institute on Governance က ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ထုတ်ပြန်ခဲ့သည့် Basel AML Index 2025 အရ မြန်မာနိုင်ငံသည် နိုင်ငံနှင့် ဒေသပေါင်း ၁၇၇ နိုင်ငံအနက် ဆုံးရှုံးနိုင်ခြေမြင့်မားသောနိုင်ငံစာရင်းတွင် နံပါတ် ၁ နိုင်ငံအဖြစ် သတ်မှတ်ဖော်ပြခဲ့ပါသည်။

၂။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး (Anti-Money Laundering-AML)၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (Countering the Financing of Terrorism - CFT) လူအများအပြားသေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (Countering the Proliferation of Financing of Weapon of Mass Destruction - CPF) လုပ်ငန်းများကို ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်အဖွဲ့အစည်းအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းမှာ စက်မှုထိပ်သီး ၇ နိုင်ငံအပါအဝင် နိုင်ငံနှင့် အဖွဲ့အစည်းပေါင်း ၄၀ တို့မှ ဝန်ကြီးများဖြင့် ဖွဲ့စည်းထားသည့် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF) ဖြစ်ပါသည်။

၃။ FATF နှင့် FATF ကဲ့သို့ ပုံစံတူဖွဲ့စည်းထားသည့် ဒေသတွင်းအဖွဲ့အစည်းများမှ အဖွဲ့ဝင်နိုင်ငံများသည် FATF မှ ထုတ်ပြန်ထားသည့် Methodology ပါ စံနှုန်းသတ်မှတ်ချက်များအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။ လိုက်နာဆောင်ရွက်နေမှုများကို အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ခြင်း (Mutual Evaluation-ME) လုပ်ငန်းစဉ် ဆောင်ရွက်ပြီး FATF ၏ အကြံပြုချက် ၄၀ ပါ စံနှုန်းသတ်မှတ်ချက်ဖြင့် အကဲဖြတ်ခြင်းများ ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံ၏ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ချက် အစီရင်ခံစာပါ အကြံပြုချက် ၄၀ အနက် ၂၀၂၅ ခုနှစ်အထိ ၂၆ ချက်သည် စံနှုန်းသတ်မှတ်ချက် တိုးမြင့်ကောင်းမွန်ရရှိခဲ့ပါသည်။ အခြားဒေသတွင်းနိုင်ငံများထက် စံနှုန်းသတ်မှတ်ချက် ပိုမိုတိုးတက်ကောင်းမွန်ခဲ့ပါသည်။

*စာမျက်နှာ ၇ သို့* ❖



## ၂၀၂၅ ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားမည်

**ချောင်ဘူရီ ဒီဇင်ဘာ ၁၁**

၂၀၂၅ ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(C)နောက်ဆုံးပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စု(C)တွင် ဖိလစ်ပိုင်၊ အင်ဒိုနီးရှားအသင်းတို့ တစ်အုပ်စုတည်း ကျရောက်လျက်ရှိပြီး အုပ်စုအဖွင့်ပွဲစဉ်တွင် ဖိလစ်ပိုင် အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။

မြန်မာအသင်းသည် ၂၀၂၅ ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (C)နောက်ဆုံးပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၂ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ပွဲစဉ်အား MRTV HD Channel၊ MRTV Entertainment Channel၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

(NGB)

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ